# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၇) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (23-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဩဂုတ် ၂၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ** စာမျက်နှာ - ၂၀

**မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က မိုးစပါးစိုက်ပျိုးရန် သမဝါယမအသင်းသားများကို ငွေကျပ် ၇၉၂၆ သိန်း ထုတ်ချေးပေးထား** စာမျက်နှာ - ၂




# မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မကွေး ဩဂုတ် ၂၂**

မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်ဇောဟိန်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦး၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် သံဘိုရွာသစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်ဇောဟိန်းက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျပိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်းအသုံးပြု၍ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ သံဘိုရွာသစ်ကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်၊ လူ ၂၇၇ ဦး အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ယင်လေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါက်တာမောင်မောင်-ဒေါ်စင်ညွန့်မွန်မိသားစုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ရုံးအဖွဲ့မှူး ဦးသန့်စင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါး ၃၂၃၃၇ ဧက ရိတ်သိမ်းပြီးစီး



**ရေဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါး ၃၂၃၃၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါးများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၂၃၃၇ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၂ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ နွေစပါး ဧက ၁၀၀၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ နွေစပါး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပါပြီ။ အထွက်နှုန်းလဲ ကောင်းမွန်လျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၂၇၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ရေဦးမြို့နယ်တွင် ၇၉၀၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၇၄၈၀ နှင့် ဒီပဲယင်းမြို့နယ်တွင် ၁၆၉၅၆ ဧက စုစုပေါင်း ၃၂၃၃၇ ဧကစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်၍ ဩဂုတ်လ ဒုတိယပတ်ထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၂၉၄၉၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွတ်ခိုင် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုံးစီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မုံးစီးကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မုံးစီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၁၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၇၉ သိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၈၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကွတ်ခိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ပဲခူးမြို့နယ်၌ VDP စီမံကိန်းစီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကော်မတီဝင်များ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများနှင့် စီမံကိန်းကော်မတီဝင်များ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက်စီမံကိန်းတာဝန်ခံဝန်ထမ်းက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ လူထုဗဟိုပြုလူမှုစီးပွားဘဝ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးအချက်အလက်များနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများကို ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ဇီးတော၊ ဝဂ်ဘော၊ ပျဉ်ပုံ(တောင်ပိုင်း)၊ သဲဖြူချောင်း၊ မယ်သီလကန်၊ တောင်ပို့တရာ၊ တာဝဘူတာ၊ ကျိုက်ဒေးယုံနှင့် တပ်ကလေး(မြောက်စု)ကျေးရွာတို့မှ ကော်မတီဝင် ၂၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ယနေ့မှ ဩဂုတ် ၂၆ ရက်ထိ ငါးရက်ကြာ အခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**



# ကရင်ပြည်နယ်မှ သဘာဝကျောက်ဂူသုံးလုံး

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိသည့် ကရင်ပြည်နယ်သည် တောင်စွယ်တောင်တန်းများ ထူထပ်သည့်ဒေသတစ်ခုဖြစ်သည်။ ဇွဲကပင်တောင်သည် ကရင်ပြည်နယ်၏ အမှတ်လက္ခဏာတစ်ရပ်အဖြစ် ထင်ရှားသကဲ့သို့ ကရင်ပြည်နယ်အတွင်း၌ အခြားသော သဘာဝကျောက်တောင်များလည်းတည်ရှိသည်။

**မြို့တော်ဘားအံ**

ကရင်ပြည်နယ်၏မြို့တော် ဘားအံသည် ရှေးအခါက သံလွင်မြစ်၏အရှေ့ဘက်ကမ်းတွင် တည်ရှိသည့် ရွာငယ်တစ်ခုသာဖြစ်ခဲ့ကာ လွန်ခဲ့သည့်နှစ် ၁၀၀ ကျော်က အိမ်ခြေ ၂၀၀ ခန့်သာရှိခဲ့သည်။ ထိုရွာငယ်လေးတွင် ကရင်၊ ရှမ်းတိုင်းရင်းသားများနှင့် ထိုင်းလူမျိုးများ နေထိုင်ခဲ့ကြသည်။ ရွာတည်ရှိသည့် သံလွင်မြစ်ကမ်းစွယ်တွင် တည်ရှိသည့်ကျောက်စွန်းကို ရှမ်းဘာသာစကားဖြင့် ဖားအမ်းဟုခေါ်ဆိုခဲ့ရာမှ ကာလကြာမြင့်လာချိန်တွင် ရွာအမည်သည် ဖားအမ်းမှ ဖားအံ၊ ဘားအံဟု ပြောင်းလဲခဲ့ကြောင်း မှတ်တမ်းရှိခဲ့သည်။

ဘားအံသည် လူနေအိမ်ခြေများလာခဲ့ပြီးနောက် ၁၈၅၅ ခုနှစ်တွင် ဇာသပြင်တိုက်နယ်အုပ်ချုပ်မှုအောက်တွင် တိုက်နယ်အဆင့်ကျေးရွာဖြစ်လာခဲ့ပြီး ၁၈၆၆ ခုနှစ်တွင် ဘားကပ်လက်အောက်၌ တည်ရှိခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် လက်ထောက်မြို့ပိုင်အုပ်ချုပ်သည့် မြို့ဖြစ်လာခဲ့ပြီး ၁၉၅၄ ခုနှစ် ဇွန် ၁ ရက်တွင် ဘားအံသည် ကရင်ပြည်နယ်၏ မြို့တော်ဖြစ်လာခဲ့သည်။

ဘားအံမြို့နယ်သည် အရှေ့မှအနောက်သို့ ၄၁ မိုင်နှင့် တောင်မှမြောက်သို့ ၇၆ မိုင်ရှည်လျားကာ အရှေ့ဘက်တွင် လှိုင်းဘွဲမြို့နယ်၊ တောင်ဘက်တွင် မော်လမြိုင်မြို့နယ်၊ အနောက်ဘက်တွင် ဘီးလင်းမြို့နယ်၊ ပေါင်မြို့နယ်၊ မြောက်ဘက်တွင် ဘီးလင်းမြို့နယ်၊ ဖာပွန်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်နေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၅၄ ပေသာမြင့်သည့် ဘားအံမြို့နယ်သည် မြေပြန့်မြေညီနည်းပါး၍ ကုန်းမြင့်များပေါများကာ မြို့နယ်အတွင်းရှိ တောင်စွယ်တောင်တန်းများအနက် ဇွဲကပင်တောင်သည် အထင်ရှားဆုံးဖြစ်သည်။ ဇွဲကပင်သည် ဘားအံမြို့မှ တောင်ဘက် ကိုးမိုင်အကွာတွင်ရှိပြီး ၂၇၂၇ ပေမြင့်သည်။ ဘားအံမြို့နယ်အတွင်း၌ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဒုံသမိချောင်း၊ ဇာသပြင်ချောင်းများ စီးဆင်းနေကြသည်။ ကားလမ်းများ တိုးတက်ကောင်းမွန်ခြင်းမရှိမီက သံလွင်မြစ်ကြောင်းအတိုင်း ဘားအံမြို့မှ ၃၃ မိုင်ဝေးသော မော်လမြိုင်မြို့၊ ၂၉ မိုင်ဝေးသော ရွှေဂွန်းမြို့၊ ရွှေဂွန်းမှ ၁၃ မိုင်ကွာဝေးသော ကမမောင်းရွာ၊ ၇၅ မိုင်ဝေးသော ကျုံဒိုးရွာနှင့် မိုင် ၁၀၀ ကွာဝေးသည့် ကြာအင်းဆိပ်ကြီးမြို့သို့ ပြည်တွင်းရေကြောင်းက သင်္ဘောများပြေးဆွဲခဲ့သည်။

ဘားအံမြို့နယ်ကို ရပ်ကွက်ကိုးခု၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ ကျေးရွာ ၄၇၇ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင်ထုတ်ပြန်သည့် စာရင်းများအရ လူဦးရေ ၄၈၁၄၂၉ ဦး နေထိုင်လျက်ရှိသည်။


**သဘာဝလိုဏ်ဂူများ**

ဘားအံမြို့နယ်အတွင်းရှိ တောင်ကမ်းပါးယံများတွင် သဘာဝလိုဏ်ဂူများရှိသည့်အနက် ကော့ဂွန်းဂူနှင့် ရသေ့ပုံဂူကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားသည်။ မြန်မာနိုင်ငံ၏ ဘူမိဖြစ်စဉ်တွင် ရှမ်းတောင်တန်းများက ဦးစွာပေါ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်မှတောင်တန်းများသည် ရှမ်းတောင်တန်းများနှင့်ဆက်နေသည်။ ၎င်းတို့အနက် သဘာဝထုံးကျောက်တောင်များတွင် ထုံးမြေကို မိုးရေနှင့် မြေအောက်ရေတိုက်စားမှုကြောင့် လိုဏ်ဂူများဖြစ်ပေါ်ခဲ့ပြီး ရှေးအခါက ထိုဂူများအတွင်း၌ တိရစ္ဆာန်များခိုအောင်းနေထိုင်ခဲ့ကြသည်။ အချို့သောဂူများတွင် ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်ခဲ့ကြသည်။ ကရင်ပြည်နယ်ရှိ သဘာဝလိုဏ်ဂူများအနက် ဘုရင်ညီဂူ၊ ဆဒ္ဒန်ဂူ၊ ရသေ့ပုံဂူ၊ ကော့ဂွန်းဂူ၊ ဝဲပုံဂူ စသည်တို့သည် အလွန်ထင်ရှားကြပေသည်။

**ကော့ဂွန်းဂူ**

ကော့ဂွန်းဂူသည် မော်လမြိုင်မြို့မှ ၂၈ မိုင်နှင့် ဘားအံမြို့မှရှစ်မိုင်ကွာဝေးကာ သံလွင်မြစ်၏အနောက်ဘက်ကမ်းရှိ ဘားကပ်ကျေးရွာမှ နှစ်မိုင်အကွာတွင် တည်ရှိသည်။ ကော့ဂွန်းဂူ၏လိုဏ်ဂူနံရံပေါ်တွင် ရှိနေသည့် ဗုဒ္ဓဆင်းတုတော်များ၊ နံရံကပ်အုတ်ခွက် ဆင်းတုများကို အဝေးမှပင် မြင်တွေ့ရသည်။

ထုံးကျောက်တောင်ခြေတွင် သဘာဝအတိုင်း တည်ရှိနေသည့် ကော့ဂွန်းဂူသည် အလျားပေ ၁၃၀၊ အနံပေ ၇၀ နှင့် အမြင့် ၂၅ ပေ ရှိ၍ အရှေ့ဘက်တွင် သံလွင်မြစ်၊ အနောက်ဘက်တွင် ရသေ့ပုံရွာ၊ တောင်ဘက်တွင် ဘားကပ်ရွာတို့ရှိသည်။ ကော့ဂွန်းဂူထုံးကျောက်တောင်တန်းသည် တောင်စဉ်ငါးလုံးသွယ်တန်းနေကာ အရှေ့မြောက်မှ အနောက်တောင်သို့ ပေ ၆၀၀၀ ရှည်လျားပြီး အမြင့်ဆုံးနေရာသည် ပေ ၁၀၀၀ မြင့်သည်။



ကော့ဂွန်းဂူအတွင်းနံရံပေါ်မှ ဗုဒ္ဓဆင်းတုရုပ်ပွားငယ်များကို တွေ့ရစဉ်။

တစ်ဖက်ပိတ်နေသည့် ကော့ဂွန်းဂူ၏တောင်ကမ်းပါးယံနံရံနှင့်ဂူအဝင်ဝတွင် ဆင်းတုများကို အများဆုံးတွေ့ကြရသည်။ ဂူအတွင်းပိုင်း၌ ကျောက်စက်မိုးမျှော်များရှိ၍ ဂူအဆုံး၏တစ်ဖက်တစ်ချက်စီတွင် ဂူပေါက်ငယ်တစ်ခုစီရှိသည်။ ကော့ဂွန်းဂူသည် အရှေ့ဘက်သို့ မျက်နှာမူနေသဖြင့် နေရောင်ခြည်နှင့်အပူကို ကောင်းစွာရရှိကာ ဂူအတွင်း၌ စွတ်စိုထိုင်းမှုလျော့နည်း၍ ဂူပေါက်ဝသည် ကျောက်တောင်ကမ်းပါးအောက်တွင် ရှိနေသဖြင့် မိုးဒဏ်လေဒဏ်မှ ကင်းဝေးနေသည်။

ကော့ဂွန်းဂူနှင့်ပတ်သက်သည့် ခိုင်မာတိကျသော စာပေအထောက်အထားများကို မတွေ့ရသေးသော်လည်း ပုဂံဘုရင်အနော်ရထာသည် သထုံကို အောင်နိုင်၍ မနူဟာမင်းကို ပုဂံသို့ ခေါ်ဆောင်သွားခဲ့ချိန်တွင် ထွက်ပြေးလွတ်မြောက်ခဲ့သော မုတ္တမမိဖုရားသည် ကော့ဂွန်းဂူတွင်ပုန်းအောင်းခဲ့ပြီး ဂူအတွင်း၌ စေတီများ၊ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ကြွများကို ထုလုပ်ပူဇော်ခဲ့သည်ဟု ပြောစမှတ်ရှိခဲ့သည်။ ကော့ဂွန်းဂူသို့ ရောက်ရှိလာခဲ့ကြသူများကလည်း ဂူနံရံများပေါ်တွင် ဆင်းတုရုပ်ပွား၊ အုတ်ခွက်ဘုရားများကို ထုလုပ်လှူဒါန်းခဲ့ကြသည်ဟု ဆိုကြသည်။

ကော့ဂွန်းဂူကို ခရစ်နှစ် ၁၉ ရာစုအစောပိုင်းမှစ၍ သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင်များက သုတေသနပြုလုပ်ခဲ့သည်။ ကွင်းဆင်းမှတ်တမ်းများအရ ၁၈၂၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဗြိတိသျှသံ ဝှန်ကရောဖို့ဒ်သည်လည်းကောင်း၊ ၁၈၃၅ ခုနှစ်တွင် သုတေသနပညာရှင် ရစ်ချတ်တင်ပယ်သည်လည်းကောင်း ကော့ဂွန်းသို့ရောက်ရှိခဲ့ကြသကဲ့သို့ ဦးတော်စိန်ခို၊ ဦးလူဖေဝင်း၊ ဦးဖိုးလတ်၊ ဗိုလ်မှူးဘရှင် အစရှိသော မြန်မာပညာရှင်များသည်လည်း ကော့ဂွန်းဂူသို့ ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ကြသည်။

ကော့ဂွန်းဂူတွင် ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူဆင်းတုတော်များနှင့် မြေအုတ်ခွက်ဆင်းတုများ၊ ကျောက်ရုပ်ကြွများ၊ ကျောက်စာများနှင့် မင်စာများကို မြင်ကြရပြီး အုတ်ခွက်ဘုရားများကို ကျောက်တောင်နှင့် ဂူနံရံ၊ ဂူအမိုးတို့တွင်မြင်တွေ့ရသည်။ ထိုင်တော်မူနှင့် ရပ်တော်မူဆင်းတုများကို နှစ်ဆူတွဲ၊ သုံးဆူတွဲမှသည် ၁၀ ဆူတွဲထိ ထုလုပ်ထားသည်။

ကော့ဂွန်းဂူရှိ ကျောက်ရုပ်ကြွသုံးခုအနက် နှစ်ခုမှာ ဗုဒ္ဓဘာသာဆိုင်ရာရုပ်တုများဖြစ်ပြီး ကျန်တစ်ခုမှာ ဟိန္ဒူအယူဝါဒဆိုင်ရာရုပ်တုဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၁)တွင် ဖော်ပြထားသည်။

ပထမရုပ်တုသည် ဗောဓိသတ္တနှင့် လက်ဝဲရံ၊ လက်ယာရံပုံများဖြစ်ဟန်ရှိကာ ဒုတိယရုပ်ကြွသည် ဦးခေါင်း၊ လက်များနှင့် ဒူးအောက်ပိုင်း မရှိတော့ဘဲ ကိုယ်လုံးသာကျန်ရှိသည်။ ဟိန္ဒူဘာသာနှင့်သက်ဆိုင်သည့် ကျောက်ရုပ်ကြွတွင် ဟိန္ဒူနတ်ဘုရားပုံများကို ထုလုပ်ထားပြီး ရေးထိုးထားသည့်ကမ္ပည်းစာများမှာမူ ပျက်စီးနေပြီဖြစ်သည်။ ကျောက်ရုပ်ကြွ၏ ဝတ်ရုံပေါ်တွင်ရေးထားသည့်စာများကို မွန်စာများဟု ဆိုကြသည်။

ကရင်ပြည်နယ်အတွင်းရှိဂူများအနက် ကော့ဂွန်းဂူတွင် ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ အများဆုံးကျန်ရှိနေသဖြင့် ထိုဂူကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**ရသေ့ပုံဂူ**

ဘားအံမြို့နယ် ရသေ့ပုံကျေးရွာအနီး သံလွင်မြစ်၏အနောက်ဘက်တွင်တည်ရှိနေသည့် သဘာဝကျောက်လိုဏ်ဂူသည် ရွာကိုအစွဲပြုလျက် ရသေ့ပုံဂူဟု အမည်တွင်ခဲ့သည်။ ရသေ့ပုံဂူသည် ကော့ဂွန်းဂူနှင့် မနီးမဝေးတွင်တည်ရှိကာ ဂူ၏အရှေ့ဘက် အတွင်းပိုင်းနံရံတွင် အမြင့်သုံးပေမှ ငါးပေထိရှိသည့် ဗုဒ္ဓဆင်းတုတော်များကိုမြင်တွေ့ရပြီး ရုပ်ပွားတော်များသည် နေရောင်တိုက်ရိုက်ထိတွေ့ခံရမှုနည်းပါးသဖြင့် မူလအရောင်အသွေးများအတိုင်း ကျန်ရှိနေသည်။

ရသေ့ပုံဂူတွင်ရှိသော ဗုဒ္ဓဆင်းတုတော်များ၏ မဏိတော်(ဦးခေါင်း)ကို အထက်သို့ မီးလျှံများတက်သွားသည့်ဟန် ထုလုပ်ထားသည်။ ရသေ့ပုံဂူကျောက်စာတွင် ဂူအတွင်းရှိ ဗုဒ္ဓဆင်းတုတော်တချို့သည် အေဒီ ၁၃ ရာစုက လက်ရာများဖြစ်ကြောင်း မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်ရေးသားထား၍ ဂူကိုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၇၅ ခုနှစ်မှစတင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

လိုဏ်ဂူ၏အတွင်းပိုင်း ဂူအမိုးပေါ်တွင် အပေါက်ကြီးတစ်ပေါက်ရှိနေပြီး ထိုအပေါက်မှ အလင်းရောင်များသည် ဂူအတွင်းသို့ ကောင်းစွာဝင်ရောက်လျက်ရှိသည်။ လိုဏ်ဂူအတွင်း၌ တရားအားထုတ်ခဲ့သောရသေ့သည် ထိုအပေါက်မှ ပျံထွက်သွားခဲ့ကြောင်း အစဉ်အဆက်ပြောဆိုခဲ့ကြပြီး ရသေ့ပျံတက်သွားသောကြောင့် ရသေ့ပျံဂူဟု အမည်တွင်ခဲ့သည်ဟု ဆိုကြသည်။ ဂူနံရံတစ်နေရာတွင် မုတ္တမနှင့် အင်းဝခေတ်တွင် ထွန်းကားခဲ့သည့် ဂဝံယဉ်ကျေးမှုအကြွင်းအကျန် ဂဝံလက်ရာများကိုတွေ့ရသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၆ ပေမြင့်သည့် ရသေ့ပုံဂူတွင် အုတ်ခွက်ဘုရားများရှိသော်လည်း ကော့ဂွန်းဂူရှိ အုတ်ခွက်ဘုရားများလောက် အရေအတွက်မများချေ။

**ဆဒ္ဒန်ဂူ**

ကရင်ပြည်နယ်အတွင်းရှိ သဘာဝကျောက်လိုဏ်ဂူအများစုသည် လိုဏ်၏အဆုံးတွင် အပေါက်မရှိဘဲ ပိတ်နေသည့် တစ်ဖက်ပွင့်ဂူများဖြစ်ကြသည်။ သို့သော် ဆဒ္ဒန်ဂူသည် ဂူအဝမှဂူအဆုံးထိ တိုးလျှိုပေါက်နေကာ ဂူပေါက်နှစ်ပေါက်ရှိသည့် နှစ်ဖက်ပွင့်ဂူတစ်လုံးဖြစ်ပြီး ကရင်ပြည်နယ်ရှိ လိုဏ်ဂူများအနက် ဝင်ပေါက်ဝ အကျယ်ဆုံးနှင့် လိုဏ်အတွင်းလမ်း အရှည်ဆုံးဂူလည်းဖြစ်သည်။

ဆဒ္ဒန်ဂူကို အရှေ့ပိုးကရင်ဘာသာဖြင့် ထန့်ကမာ့ခမိုက်ဟုခေါ်ဆိုဖြီး ထန့်သည် လိုဏ်ဂူ၊ ကမာ့သည် ရေကန်၊ ခမိုက်သည် ကန့်အိတ်ပင်ဟုအဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် ထန့်ကမာ့ခမိုက်သည် ကန့်အိတ်ပင်များပေါက်ရောက်နေသည့် ရေကန်အနီးမှ လိုဏ်ဂူဟု အဓိပ္ပာယ်ရှိသည်။

ဆဒ္ဒန်ဂူသည် ဇွဲကပင်တောင်တန်း၏တောင်ဘက်အဆုံး၊ ဘားအံမြို့မှ တောင်ဘက် မိုင် ၂၀ အကွာ၊ ကော့မူးတာကျေးရွာအုပ်စု ကော့ဝါးဆူးရွာတွင် တည်ရှိသည်။ တောင်ခြေပတ်လည်သည် အနိမ့်ပိုင်းဖြစ်သဖြင့် မိုးရာသီတွင် ရေများ ပတ်ပတ်လည်ဝိုင်းနေလေ့ရှိသည်။ ဘားအံမြို့မှ ၁၃ မိုင်ကွာလှမ်းသည့် အိန္ဒုရွာမှ ငါးမိုင်ကွာဝေးသည့် ကော့ဝါးဆူးရွာသို့ ထိုမှကော့စိန်ဘန်းရွာ၊ အထက်ရွာ၊ လာလမမိန်းရွာနှင့် ကော့သိန်းခီးရွာတို့ကို ဖြတ်ကျော်လာလျှင် ကျယ်ဝန်းသောရေအိုင်ကြီးအဆုံးရှိ ဆဒ္ဒန်လိုဏ်ဂူခြေရင်းသို့ ရောက်ရှိသည်။

ထို့အတူ ဆဒ္ဒန်ဂူသို့ ဇွဲကပင်တောင် အနောက်ဘက် ဘားအံ-ဒုံရင်း မော်တော်ကားလမ်းနှင့် မော်လမြိုင်ဘက်မှလာလျှင် ဂျိုင်း(ဇာသပြင်)တံတားကိုကျော်ဖြတ်ပြီး ရွှေပြည်တောကင်လမ်းခွဲတို့မှလည်းသွားနိုင်သည်။ မိုးတွင်းကာလတွင် ဇွဲကပင်တောင်တန်းအနောက်ဘက်မှ မော်တော်ကားလမ်းအတိုင်းသွား၍ ဘားအံမှ ၁၀ မိုင်ဝေးသော ကော့သလို့ရွာသို့ရောက်လျှင် လှေများဖြင့် ဆဒ္ဒန်ဂူသို့ သွားရောက်နိုင်သည်။

ဆဒ္ဒန်လိုဏ်ဂူ၏ အနောက်ဘက်ရှိ ရေအိုင်ကြီးသည် ဧက ၂၀ ကျယ်ဝန်း၍ ရေများအမြဲပြည့်နေကာ တောင်ဘက်တွင် ထန့်ဘိုင်နှာ့ ခေါ် ဆင်ဟိုင်းတောင်နှင့် ဆက်နေသည်။ ထိုအင်းကြီးကို ဒေသခံများက ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း ရေကစားပျော်မွေ့ခဲ့သည့် ရေအိုင်ဟု တင်စားကြသည်။

ဆဒ္ဒန်လိုဏ်ဂူအဝင်လှေကားထစ်များ ခြေရင်းရှိ ၁၂ ပေစီမြင့်သည့်ဆင်ဖြူတော်ရုပ်တုနှစ်ခုကို သက္ကရာဇ် ၁၃၃၉ ခုနှစ် တပေါင်းလပြည့်နေ့(ခရစ်နှစ် ၁၉၇၈ ခုနှစ် မတ် ၂၃ ရက်)တွင် ဖွင့်လှစ်ခဲ့သည်။ ဆင်ဖြူတော်များအနီးတွင် "ဤလိုဏ်ဂူများသည် ကျွန်ုပ်တို့အမျိုးသားအမွေအနှစ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ပါ"ဟု မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်ရေးသား

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

## ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၅၆ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဗန်းမောက်မြို့နယ်မှာ မိုးစပါးဧက ၃၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ မနှစ်ကတော့ မိုးစပါးဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ တစ်နှစ်ထက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှုကတော့ တိုးစိုက်နိုင်ပါတယ်။ အထွက်ကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဗန်းမောက်မြို့နယ်တွင် နွေစပါး ၄၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၃၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထားသည့်ဆိုင်းဘုတ်နှစ်ခုတွင် ထုံးကျောက်ဂေဟစနစ်၊ ထုံးကျောက်တောင်များမှရရှိသော အကျိုးကျေးဇူးများ၊ ထုံးကျောက်တောင်များကို ပျက်စီးစေသောအကြောင်းများကို ရောင်စုံဓာတ်ပုံများနှင့်အတူ ရေးသားဖော်ပြထားသည်။

ဆဒ္ဒန်ဂူပေါက်သည် မြေပြင်မှ ပေ ၅၀ မြင့်၍ ဂူအဝသည် ပေ ၁၀၀ ကျယ်ဝန်းလျက် ဂူကြမ်းပြင်မှအထက်သို့ ပေ ၇၀ မှ ပေ ၁၀၀ ထိမြင့်သည်။ ဆဒ္ဒန်ဂူသည်လည်း အရှေ့အရပ်သို့ မျက်နှာမူနေသဖြင့် နေရောင်ခြည်ကို ကောင်းစွာရရှိကာ ဂူအတွင်း၌ ခြောက်သွေ့သန့်ရှင်းနေသည်။

ဆဒ္ဒန်လိုဏ်ဂူပေါက်ဝ၏ လက်ယာဘက်အပေါ်ထောင့်နံရံပေါ်တွင် အုတ်ခွက်ဘုရားဆင်းတုငယ်များရှိပြီး ဂူ၏မြောက်ဘက်၊ မြေပြင်မှ ပေ ၂၀ အမြင့်နံရံပေါ်တွင် အုတ်ခွက်ဘုရားများကွာကျထားသည့် ကွက်လပ်နှစ်နေရာကို မြင်တွေ့ရသည်။ အပေါ်အကွက်သည် အလျားခြောက်ပေခန့်ရှိပြီး အောက်အကွက်သည် အလျားရှစ်ပေခန့်ရှိသည်။ ၎င်းနေရာများတွင် ဉာဏ်တော် နှစ်လက်မခွဲအရွယ် အုတ်ခွက်ဆင်းတုများသည် ကွာမကျမီက အရေအတွက်ထောင်ဂဏန်းရှိခဲ့မည်ဟု ခန့်မှန်းရပေသည်။

ကရင်ပြည်နယ်ရှိ သဘာဝထုံးကျောက်တောင်များတွင် လင်းနို့ပေါင်းအကောင်ရေ သန်းနှင့်ချီကာနေထိုင်ကျက်စားကြပြီး ဆဒ္ဒန်ဂူတွင် လင်းနို့မျိုးစိတ်ခုနစ်ခုနှင့် ကျောရိုးမဲ့သတ္တဝါ ၁၃ မျိုးတို့ နေထိုင်လျက်ရှိသည်။

ဂူဝင်ပေါက်မှ အနောက်ဘက်ထွက်ပေါက်ထိ လေးဖာလုံရှည်လျားသော ဆဒ္ဒန်ဂူအတွင်းလမ်းသည် ယခင်က မြေလမ်းဖြစ်ခဲ့သော်လည်း ယခုအခါတွင် ကွန်ကရစ်ခင်းထားသည်။ ဂူအမိုးပေါက်တစ်ခုမှ အလင်းရောင်များသည် ဂူအတွင်းသို့ဝင်ရောက်နေကာ ဂူ၏ အနောက်ဘက်အပေါက်အနီးတွင် ဂူအမိုးမှ ရေပေါက်များ နှစ်ပေါင်းများစွာကျခဲ့သဖြင့် ချိုင့်ခွက်များဖြစ်နေသည့် ကျောက်သားကြမ်းပြင်ကိုမြင်တွေ့ကြရသည်။

လိုဏ်ထွက်ပေါက်ဝ၏အောက်တွင်ရှိသည့် ရေပြင်ကျယ်ကြီးကိုဖြတ်၍ ဂူရှေ့သို့ လှေများဖြင့်သွားကြရာတွင် ဆဒ္ဒန်လိုဏ်ဂူမှ တောင်ဘက် ပေ ၃၀၀ အကွာတွင်ရှိပြီး ပေ ၂၀၀ ခန့်မြင့်သည့် ထွန်ထွန့်ဖန်လိုဏ်ခေါင်းရေကျော်ပေါက်ကို ဖြတ်သန်းရသည်။ ထွန်ထွန့်ဖန်လိုဏ်ခေါင်းရေကျော်ပေါက်သည် တိုးလျှိုးပေါက်ဖြစ်နေပြီး ရေပြင်က လိုဏ်ကိုဖြတ်သန်းနေသည်။ မိုးကာလတွင် ရေများသည် လိုဏ်အမိုးသို့ ထိလုနီးပါးဖြစ်နေကာ လှေပေါ်တွင်လိုက်ပါလာကြသူများသည် ရေကျော်ပေါက်အတွင်းမှ ဖြတ်သန်းစဉ် လှေဝမ်းအတွင်းဝပ်လျက်လိုက်ပါကြရသည်။ ရေကျော်လိုဏ်သည် ပေ ၁၅၀ ရှည်လျား၍ ပေ ၃၀ နက်သည်။

သဘာဝအလျောက်ဖြစ်ပေါ်နေသည့်လိုဏ်ဂူများအတွင်း ရှေးအစဉ်အဆက်မှစ၍ ဘာသာရေးဆိုင်ရာ ရုပ်တု၊ ရုပ်ပွားများထားရှိ ပူဇော်ခဲ့ကြရာမှ ကာလကြာရှည်လာချိန်တွင် ထိုဂူများသည် သဘာဝအမွေအနှစ်အဖြစ်သာမက သမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်လာခဲ့ကြသည်။ ကရင်ပြည်နယ်ရှိ အထင်ကရဂူသုံးလုံးအပါအဝင် သဘာဝကျောက်ဂူများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာ့ရေမြေဖြစ်ထွန်းခဲ့သည့် ဘူမိအနေအထားကိုပါ ထိန်းသိမ်းထားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ်(၂၀၁၁)**
- **ဘားအံမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
- **ဆဒ္ဒန်လိုဏ်ဂူတော်(မန်းသင့်နောင်၊ ကော့ကရိတ်)**
- **ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ (မောင်မောင်နန်းနွယ်)**

## ထလော့မြန်မာ

\- ထလော့မြန်မာ သွေးမအေးနဲ့
ဆွေးနွေးလို့ တိုင်ပင်၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်
နိုးကြားထာဝစဉ်၊
ဇာတိသွေးတို့ တလွင်လွင်
တိုင်းပြည်တစ်ခွင် ငြိမ်းချမ်းရေး၊
အဖျက်ရန်သူ အမှိုက်များကို
ဖယ်ရှားမယ်လေး။

\- ထလော့မြန်မာ မြန်မာ့သွေးအား
အေးခဲမသွားဖို့ မော်ကွန်းတည်၊
ဒို့တာဝန် အရေးသုံးပါးကိုဖြင့်
လေးစားတူညီ၊
အနာဂတ်ရဲ့ ပန်းတိုင်ဆီ
ဇွဲနဲ့ချီ ဂုဏ်မရိုင်း၊
စောင့်သိလိုက်နာ စည်းကမ်းများနဲ့
အားစိုက်ရစ်သိုင်း။

\- ထလော့မြန်မာ မြန်မာ့သမိုင်း
ဝိုင်းဝန်းလို့ ဖော်ဆောင်ကာ၊
အဖိုးတန် သယံဇာတတွေအား
ထိန်းသိမ်းကြပါ၊
ဘယ်သူခွဲခွဲ တို့မကွဲသာ
မြဲပင်ညီညာ ခိုင်ခိုင်မြဲ၊
လွတ်လပ်အမွေ မပျောက်ပျက်အောင်ပ
ရှေ့ဆက်ဆင်နွှဲ။ ။

**မင်းသူရိန်(သာကီနွယ်)**

## မင်းဘူးမြို့နယ် ဝက်မြေကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ဝက်မြေကန်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဝက်မြေကန်ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၂၉ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဝက်မြေကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၇၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၅၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ရန်ပုံငွေကျပ် ၂၂၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဇင်မာ**

# နိုင်ငံတကာ သတင်းများ

## စင်ကာပူသမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်းသုံးဦး ပါဝင်ယှဉ်ပြိုင်မည်

**စင်ကာပူ ဩဂုတ် ၂၂**

စင်ကာပူနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းသုံးဦး၏ အမည်စာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စင်ကာပူသမ္မတ ရာထူးမှာ ဂုဏ်ထူးဆောင် ရာထူးမျိုးသာဖြစ်သော်လည်း ယင်းရာထူးအတွက် ကျင်းပပေးမည့်ရွေးကောက်ပွဲသည် လက်ရှိအာဏာရပြည်သူ့လုပ်ရှားမှုပါတီ(ပီအေပီ)ရရှိထားသော လူမှုထောက်ခံမှုနှုန်းကို တိုင်းတာပေးနိုင်မည်ဖြစ်သည်။

စင်ကာပူသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်သမ္မတလောင်းများထဲတွင် အသက် ၆၆ နှစ်အရွယ် စင်ကာပူ ဒုတိယဝန်ကြီးချုပ်ဟောင်း သာမင်ရှန်မူဂရာနမ်လည်း ပါဝင်သည်။

သာမင်ရှန်မူဂရာနမ်ကို ပီအေပီပါတီအား ကိုယ်စားပြုထားသည့် သမ္မတလောင်းအဖြစ် အများက မှတ်ယူထားသည်။

စက်တင်ဘာ ၁ရက်တွင် ကျင်းပမည့်သမ္မတရွေးကောက်ပွဲ၌ စင်ကာပူနိုင်ငံသား ၂ ဒသမ ၇ သန်းကျော်တို့ ပါဝင်မဲပေးခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရွေးကောက်ပွဲ၌ အနိုင်ရမည့် သမ္မတလောင်းသည် စင်ကာပူ၏ ပဉ္စမမြောက်အမျိုးသမီးသမ္မတ ဟာလီမာယာကော့ဘ်ထံမှ သမ္မတရာထူး လက်လွှဲရယူရမည်ဖြစ်ကြောင်း သိရသည်။ KKO

## ပိုလ်ချုပ်ကြီး ဟွန်မာနက်ကို ဝန်ကြီးချုပ်အဖြစ် ကမ္ဘောဒီးယားလွှတ်တော် အတည်ပြု

**ဖနွမ်းပင် ဩဂုတ် ၂၂**

ကမ္ဘောဒီးယား ခေါင်းဆောင် ဟွန်ဆန်၏သား ဗိုလ်ချုပ်ကြီး ဟွန်မာနက်ကို ဝန်ကြီးချုပ်သစ်အဖြစ် ကမ္ဘောဒီးယားလွှတ်တော်က ယနေ့တွင် တရားဝင်အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယနေ့လွှတ်တော်သစ် အစည်းအဝေးတွင် အသက် ၄၅ နှစ်အရွယ် ဟွန်မာနက်သည်လွှတ်တော်အမတ်များ၏ထောက်ခံမှုကို ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ရွေးကောက်ပွဲရလဒ်များအရလက်ရှိအာဏာရကမ္ဘောဒီးယားပြည်သူ့ပါတီ(စီပီပီ)က အမျိုးသားလွှတ်တော်ကို ထိန်းချုပ်ခွင့်ရထားသည်။

အသက် ၇၁ နှစ်ရှိ ဝန်ကြီးချုပ်ဟွန်ဆန်သည် ကမ္ဘောဒီးယားနိုင်ငံကို နှစ် ၄၀ နီးပါးကြာ ဦးဆောင်ပြီးနောက် ဝန်ကြီးချုပ်ရာထူးကို သားဖြစ်သူဟွန်မာနက်ထံလွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ရာထူးကို သားဖြစ်သူထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း လာမည့်နှစ်တွင် ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌတာဝန်ကိုရယူရန် ဆန္ဒရှိကြောင်း ဟွန်ဆန်က ပြောကြားထားသည်။

မိမိအနေဖြင့် စီပီပီပါတီ၏ မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်စီးပွားရေး ဖွံ့ဖြိုးမှုကိုလည်း ဆက်ထိန်းရန် ကြိုးစားမည်ဟု ကမ္ဘောဒီးယား ဝန်ကြီးချုပ်သစ် ဟွန်မာနက်က လွှတ်တော်၌ ပြောကြားခဲ့ကြောင်း သိရသည်။ KKO



## ဘရစ်အုပ်စုထိပ်သီးညီလာခံကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ စတင်ကျင်းပ



**ဂျိုဟန်နက်စဘတ် ဩဂုတ် ၂၂**

စီးပွားရေး အင်အားကြီးနိုင်ငံသစ်များဖြင့်ဖွဲ့စည်းထားသည့် ဘရစ်အုပ်စု(ဘီအာရ်အိုင်စီအက်စ်)နိုင်ငံများမှခေါင်းဆောင်များသည် ဘရစ်ထိပ်သီးညီလာခံအတွက် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ယနေ့တွင် တွေ့ဆုံခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရစ်အုပ်စုကို ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ဂျိုဟန်နက်စဘတ် ဘရစ်အုပ်စုထိပ်သီးညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ ကိုယ်တိုင်တက်ရောက်လျက်ရှိပြီး ရုရှားသမ္မတ ပူတင်ကမူ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်နေကြောင်း သိရသည်။

ဂျိုဟန်နက်စဘတ် ဘရစ်ထိပ်သီးညီလာခံတွင် ဘရစ်အုပ်စုခေါင်းဆောင်များသည် အဖွဲ့ဝင်အင်အားတိုးချဲ့ရေးကိစ္စကို အဓိကထားဆွေးနွေးကြဖွယ် ရှိကြောင်း သိရသည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် နိုင်ငံပေါင်း ၄၀ ကျော်တို့က စိတ်ဝင်စားနေပြီး ယင်းနိုင်ငံများအနက် ၂၀ ကျော်တို့က ဘရစ်အုပ်စု၌ ပါဝင်ခွင့်ရရှိရန် တရားဝင် အဆိုပြုထားကြောင်း တောင်အာဖရိကအစိုးရ တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ဂျိုဟန်နက်စဘတ် ဘရစ်အုပ်စုထိပ်သီးညီလာခံတွင် ဘရစ်ခေါင်းဆောင်များသည်အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးစနစ်များသုံးစွဲမှုမြှင့်တင်ရေးကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ KKO

## ဂျပန်နိုင်ငံက ဖူကူရှီးမားနျူကလီးယားစက်ရုံရေဆိုးများကို ဩဂုတ် ၂၄ ရက်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စတင်စွန့်ထုတ်မည်

**တိုကျို ဩဂုတ် ၂၂**

ဖူကူရှီးမား နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပြန်လည်သန့်စင်ပြီးသား ရေဒီယိုသတ္တိကြွ ရေဆိုးများကို ဩဂုတ် ၂၄ ရက်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စတင်စွန့်ထုတ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၌ သိုလှောင်ထားသည့် ပြန်လည်သန့်စင်ပြီးရေဆိုးမက်ထရစ်တန်ချိန်တစ်သန်းကျော်ကို ဩဂုတ် ၂၄ ရက်တွင် စတင်စွန့်ထုတ်မည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယနေ့တွင် ကြေညာထားသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ဖူကူရှီးမားစီရင်စုအတွင်းရှိ ရေလုပ်သားများ၏သဘောထားကို ရယူပြီးနောက် ဖူကူရှီးမားရေဆိုးများ စတင်စွန့်ထုတ်မည့်နေ့ကို ကြေညာခဲ့ခြင်းဖြစ်သည်။

ဖူကူရှီးမားရေဆိုးများ စွန့်ထုတ်မည့်အစီအစဉ်ကို ပစိဖိတ်ဒေသ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် ကန့်ကွက်လာနိုင်သည်။

ဂျပန်နိုင်ငံက စွန့်ထုတ်မည့် ဖူကူရှီးမားရေဆိုးများသည် ၂၀၁၁ ခုနှစ်မြေငလျင်နှင့်ဆူနာမီကပ်ဘေးတို့ကြောင့် အပူလွန်ကဲခဲ့ရသည့် နျူကလီးယား ဓာတ်ပေါင်းဖို လောင်စာတောင့်များကို အအေးဓာတ်ပေးရာတွင် အသုံးပြုခဲ့သည့် ရေများဖြစ်ကြသည်။

အဆိုပါရေဆိုးများအား ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ထုတ်မည့်ဂျပန်အစိုးရ၏အစီအစဉ်ကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က သဘောတူခွင့်ပြုထားကြောင်း သိရသည်။ KKO

## မိုဟာဂျာ-၁၀ မောင်းသူမဲ့လေယာဉ်သစ် အီရန်တည်ဆောက်ထား

**တီဟီရန် ဩဂုတ် ၂၂**

မိုဟာဂျာ-၁၀ အမည်ရှိ အဆင့်မြင့်နည်းပညာသုံး တိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ် အမျိုးအစားသစ်ကို အီရန်နိုင်ငံကတည်ဆောက်ထားကြောင်း အီရန်ပြည်တွင်းမီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုဟာဂျာ-၁၀ မောင်းသူမဲ့လေယာဉ်သည် ပျံသန်းနိုင်သည့် အကွာအဝေးနှင့် ပျံသန်းချိန်မြင့်မားသည့်အပြင် လက်နက်များကိုလည်း လက်ရှိ အီရန်မောင်းသူမဲ့လေယာဉ်များထက် ပိုမိုသယ်ဆောင်နိုင်ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မိုဟာဂျာ-၁၀ တိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်သည် ပျံသန်းချိန် ၂၄ နာရီနှင့် ပျံသန်းနိုင်သည့်အကွာအဝေး ၁၂၄၀မိုင်ထိ ရှိကြောင်း သိရသည်။


ထို့ပြင် အဆိုပါမောင်းသူမဲ့လေယာဉ်၏ သယ်ယူနိုင်သည့် လက်နက်ခဲယမ်းပမာဏမှာ ကီလိုဂရမ် ၃၀၀ထိရှိရာ မိုဟာဂျာ-၆ မောင်းသူမဲ့ လေယာဉ်များထက် လက်နက်ပမာဏနှစ်ဆ ပိုမိုသယ်ဆောင်နိုင်ကြောင်း အီရန်မီဒီယာများ၏အဆိုအရ သိရသည်။

ယူကရိန်းစစ်မြေပြင်၌ ရုရှားနိုင်ငံအသုံးပြုနိုင်ရေးအတွက် မိုဟာဂျာ-၆ မောင်းသူမဲ့လေယာဉ်များကို အီရန်က ပေးပို့နေကြောင်း အမေရိကန်တာဝန်ရှိသူများက စွပ်စွဲထားသည်။

သို့သော် အမေရိကန်တာဝန်ရှိသူများ၏ အဆိုပါစွပ်စွဲချက်ကို အီရန်နိုင်ငံက ငြင်းပယ်ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ် ပတ်လမ်းနေရာပြောင်းရွှေ့မှု အမှားတစ်ရပ်ကြောင့် ဩဂုတ် ၁၉ ရက်က လမျက်နှာပြင်ပေါ်သို့ ပျက်ကျခဲ့



**မော်စကို ဩဂုတ် ၂၂**

ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ်သည် ပတ်လမ်းနေရာပြောင်းရွှေ့မှုအမှားတစ်ရပ်ကြောင့် ဩဂုတ် ၁၉ ရက်က လမျက်နှာပြင်ပေါ်သို့ ပျက်ကျခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လူနာ-၂၅ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်ဆင်းရေးအတွက် မကြိုးပမ်းမီ နှစ်ရက်အလိုတွင် လမျက်နှာပြင်ပေါ်သို့ ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

မူလက လူနာ-၂၅ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသသို့ ဩဂုတ် ၂၁ ရက်တွင် ဆင်းသက်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ပတ်လမ်းနေရာပြောင်းရွှေ့မှုအမှားကြောင့် လူနာ-၂၅ လဆင်းယာဉ်သည် တည်ငြိမ်မှုမရှိသော ပတ်လမ်းတစ်ခုအတွင်း ရောက်ခဲ့ရပြီး အကျိုးဆက်အဖြစ် လမျက်နှာပြင်ပေါ် ပျက်ကျခဲ့ရကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ရုရှားနိုင်ငံက ၄၇ နှစ်တာကာလအတွင်း ပထမဆုံးလွှတ်တင်ခဲ့သည့် လဆင်းယာဉ်ဖြစ်သည်။

ဆိုဗီယက်ခေတ်ကာလ ၁၉၇၆ ခုနှစ်တွင် ရုရှားနိုင်ငံသည် လူနာ-၂၄ လဆင်းယာဉ်မစ်ရှင်ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

KKO


## ချန်အာ-၄ မစ်ရှင်က လမျက်နှာပြင်အောက် အနက်ပေ ၁၀၀၀ တွင်ရှိသော ကျောက်လွှာများ၏ဖွဲ့စည်းပုံကို မြေပုံရေးထုတ်ပေးနိုင်ခဲ့

**ပေကျင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံ၏ ချန်အာ-၄ မစ်ရှင်သည် လမျက်နှာပြင်အောက် အနက်ပေ ၁၀၀၀ တွင်ရှိသော ကျောက်လွှာများ၏ ဖွဲ့စည်းပုံကို မြေပုံရေးထုတ်ပေးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ချန်အာ-၄ မစ်ရှင်၏ လကမ္ဘာမြေအောက် ကျောက်သားလွှာဖွဲ့စည်းမှုဆိုင်ရာမြေပုံသည် လကမ္ဘာ၏သမိုင်းကို ဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

ချန်အာ-၄ လဆင်းယာဉ်နှင့်အတူ လပေါ်ဆင်းသက်ခဲ့သည့် ယူတူ-၂ လမျက်နှာပြင်လှည့်လာရေးယာဉ်တွင် တပ်ဆင်ထားသော LPR ခေါ် မြေဖောက်ရေဒါတစ်မျိုးသည် လမျက်နှာပြင်မြေအောက်သို့ ရေဒီယိုလှိုင်းများ ပို့လွှတ်နိုင်ကြောင်း သိရသည်။



သို့ဖြစ်ရာ LPR မြေဖောက်ရေဒါစနစ်ဖြင့် လမျက်နှာပြင် မြေအောက်အနက် ပေ ၁၀၀၀ ရှိ ကျောက်သားလွှာဖွဲ့စည်းပုံကို မြေပုံရေးထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

ချန်အာ-၄ မစ်ရှင်မှရရှိသည့် အချက်အလက်များအရ လကမ္ဘာမြေအောက်အနက်ပေ ၁၀၀၀ တွင်ရှိသည့် မီးသင့်ကျောက်လွှာများသည် လမျက်နှာပြင်နှင့် နီးလာလေလေ ပို၍ပါးလွှာလာလေလေဖြစ်ကြောင်း သိရသည်။

ချန်အာ-၄ လဆင်းယာဉ်နှင့် ယူတူ-၂ လမျက်နှာပြင်လှည့်လာရေးယာဉ်သည် ၂၀၁၈ ခုနှစ်က လကမ္ဘာအခြားဘက်ခြမ်းသို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

KKO

## ရာဂျက်စသန်ပြည်နယ် ဂျိုင်ဆယ်လ်မာမြို့အနီး သဲကန္တာရဒေသ၌ Dicraeosaurid Sauropod အုပ်စုဝင် ဒိုင်နိုဆောတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်း တူးဖော်တွေ့ရှိခဲ့

**နယူးဒေလီ ဩဂုတ် ၂၂**

အိန္ဒိယသိပ္ပံပညာရှင်များသည် ရာဂျက်စသန်ပြည်နယ် ဂျိုင်ဆယ်လ်မာမြို့အနီး သဲကန္တာရဒေသ၌ Dicraeosaurid Sauropod အုပ်စုဝင် ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိခဲ့ရကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် အိန္ဒိယနိုင်ငံ၌ ပထမဆုံးအကြိမ် တူးဖော်တွေ့ရှိခဲ့ရသော Dicraeosaurid Sauropod ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၆၇ သန်းထိရှိပြီး Dicraeosaurids Sauropod အုပ်စုဝင် ဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်အတည်ပြုနိုင်ကြောင်း အိန္ဒိယ သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကျောက်ဖြစ်ရုပ်ကြွင်းသက်တမ်းအရ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းသည် ကမ္ဘာပေါ်၌ ရှေးအကျဆုံး Dicraeosaurids Sauropod အုပ်စုဝင် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၂ သန်းနှင့် ၆၆ သန်းကြားကာလ မီဆိုဇိုးအစ် ဘူမိခေတ်အတွင်း ရာဂျက်စသန်ပြည်နယ်တည်ရှိရာနေရာသည် တီးသေးစ်အမည်ရှိ ကမ္ဘာဦးသမုဒ္ဒရာတစ်စင်း၏ ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ခဲ့ဖူးကြောင်း အိန္ဒိယ သိပ္ပံပညာရှင်များက ပြောကြားသည်။

Dicraeosaurids Sauropod ဒိုင်နိုဆောများသည် လည်တံများရှည်လျားပြီး အသီးအရွက်စား ဒိုင်နိုဆော တစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အအေးမိရောဂါဖြစ်ပူးသူများတွင် ကိုဗစ်ရောဂါခုခံအားစနစ် ကြိုတင်ရှိနေနိုင်

**နယူးယောက် ဩဂုတ် ၂၂**

အအေးမိ တုပ်ကွေးရောဂါဖြစ်ဖူးသူ လူနာများတွင် ကိုဗစ်ရောဂါခုခံအားစနစ် ကြိုတင်တည်ရှိနေနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် နိုင်ဂျီးရီးယားကျန်းမာရေးဝန်ထမ်းများ၏ ကိုဗစ်ရောဂါ ခုခံအားစနစ် တုံ့ပြန်မှုများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ လေ့လာမှုတွင်ပါဝင်သူများအနက် အအေးမိရောဂါခံစားဖူးသူ ၈၃ ရာခိုင်နှုန်းတွင် တီ-ဆဲလ်ခေါ် ခုခံအားစနစ်ဆဲလ်များ၌ ဗိုင်းရပ်တုံ့ပြန်နိုင်စွမ်း ရှိနေသည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အအေးမိတုပ်ကွေးရောဂါသည် မျိုးဗီဇအရဆက်စပ်မှုရှိသည့် ကိုဗစ်ရောဂါလူနာများအတွက် ခုခံအားစနစ်တုံ့ပြန်မှုကြိုတင် ဖန်တီးပေးထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် အနာဂတ် ကိုရိုနာဗိုင်းရပ်မျိုးကွဲများကို ကာကွယ်ရေးအတွက် တီ-ဆဲလ် အခြေခံကာကွယ်ဆေးများထုတ်လုပ်နိုင်ရန် လမ်းဖွင့်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ရပ်ဂျားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် တီ-ဆဲလ်အခြေခံ ကိုဗစ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးအတွက် စဉ်းစားလျက်ရှိကြောင်း သိရသည်။ KKO

## အမျိုးသားတစ်ဦး၌အစားထိုးထားသော ဝက်ကျောက်ကပ် ၃၂ ရက်ကြာထိ ကျောက်ကပ်လုပ်ငန်းများလုပ်ဆောင်

**နယူးယောက် ဩဂုတ် ၂၂**

ဦးနှောက် သေဆုံးနေပြီဖြစ်သော အမျိုးသားတစ်ဦး၏ကိုယ်တွင်း၌ အစားထိုးထည့်သွင်းထားသော ဝက်ကျောက်ကပ်အင်္ဂါသည် ကျောက်ကပ်လုပ်ငန်းစဉ်များကို ၃၂ ရက်ကြာထိ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဦးနှောက်သေဆုံးနေပြီဖြစ်သော အသက် ၅၇ နှစ်အရွယ် လူနာတစ်ဦး၏ ကျောက်ကပ်ကို ယခုနှစ် ဇူလိုင် ၁၄ ရက်က ဝက်ကျောက်ကပ်ဖြင့် အစားထိုးခဲ့ကြောင်း သိရသည်။

ထိုသို့အစားထိုးရာတွင် အမေရိကန် သုတေသန ပညာရှင်များသည် လူ့ခုခံအားစနစ်၏ ကိုယ်တွင်းအင်္ဂါသစ်ငြင်းပယ်မှုကို စေ့ဆော်ပေးသည့် မျိုးဗီဇဖယ်ရှားထားသော ဝက်ကျောက်ကပ်ကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

အစားထိုးထည့်သွင်းပြီးနောက် အဆိုပါဝက်ကျောက်ကပ်သည် ၃၂ ရက်ကြာထိ ကျောက်ကပ်လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ခဲ့ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါရလဒ်ကြောင့် လူသား-တိရစ္ဆာန် ကိုယ်တွင်းအင်္ဂါချင်းအစားထိုး ကုသနိုင်ရေးအတွက် မျှော်လင့်ချက်များ ပေါ်ထွက်လာခဲ့ရကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့ဖူးသော ဝက်ကျောက်ကပ်အစားထိုး စမ်းသပ်မှုတွင်မူ ထည့်သွင်းခဲ့သည့် ကျောက်ကပ်မှာ လူ့ခုခံအားစနစ်၏ငြင်းဆန်မှုကြောင့် ၅၂ နာရီမျှသာလုပ်ငန်းလည်ပတ်နိုင်ခဲ့ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဒူးဒဏ်ရာခွဲစိတ်ခဲ့ရသည့် ချူကွယ်မီကာ ခြောက်ပတ်ခန့် အနားယူရမည်

**လန်ဒန် ဩဂုတ် ၂၂**

ပြီးခဲ့သည့် ဩဂုတ် ၂၀ ရက်က ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ချူကွယ်မီကာသည် ဒူးဒဏ်ရာရရှိခဲ့ပြီး ယခုအခါ ခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် ရက်သတ္တခြောက်ပတ်ထိ အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချူကွယ်မီကာသည် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ချဲလ်ဆီးအသင်းကွင်းလယ်ကို ဦးဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးဆုံးချိန်တွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော် မူဒရစ်နှင့် လူစားလဲထွက်ခွာခဲ့ရကာ လက်ရှိတွင် ၎င်း၏ ဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် ခြောက်ပတ်ခန့်အနားယူရမည်ဟု ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့သည်။

ချူကွယ်မီကာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းသို့ စတာလင်ပေါင်သန်း ၂၀ ဖြင့် ရောက်ရှိခဲ့ပြီး အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရပြီး ယခုနှစ်တွင် နည်းပြပိုချက်တီနိုလက်အောက်၌ အမှတ်ပေးပြိုင်ပွဲနှစ်ပွဲလုံးပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ချဲလ်ဆီးအသင်းသည် ပွဲချိန် ခုနစ်မိနစ်ကတည်းက ဝက်စ်ဟမ်းအသင်း၏ ဦးဆောင်မှုကိုခံခဲ့ရပြီး ပွဲချိန် ၂၈ မိနစ်တွင်ချူကွယ်မီကာက ချေပဂိုးပြန်လည် သွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၄၃ မိနစ်၌ အန်ဇိုဖာနန်ဒက်ပင်နယ်တီ လွဲချော်ခဲ့မှုကြောင့် နစ်နာခဲ့ရသည်။ ဝက်စ်ဟမ်းအသင်း တိုက်စစ်မှူး အန်တိုနီက ပွဲချိန် ၅၃ မိနစ်တွင် အသင်းအတွက် ဒုတိယ ဦးဆောင်ဂိုးနှင့် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် ကွင်းလယ်ကစားသမား ပါကွီတာက တတိယ ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ နှစ်ပွဲကစားအပြီး ရမှတ် တစ်မှတ်သာ ရရှိခဲ့ကြောင်း သိရသည်။ ML





## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းနည်းပြပိုချက်တီနိုက အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ဒဏ်ရာရကစားသမားများနေရာတွင် ကစားသမားသစ်နှစ်ဦး ထပ်မံခေါ်ယူမည်ဟု ပြောကြားခဲ့သည်။
- မန်ယူအသင်းက အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့သည့် တိုက်စစ်မှူး ဂရင်းဝုဒ်ကို ဆော်ဒီကလပ်အသင်းများအပါအဝင် အီတလီကလပ်အသင်းများနှင့် တူရကီကလပ်အသင်းများက ခေါ်ယူရန် အပြိုင်ကမ်းလှမ်းလျက်ရှိသည်။
- ဂျူဗင်တပ်ခံစစ်ကစားသမား ဘိုနူချီ ဂျာမန်ကလပ် ယူနီယံဘာလင်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ခံစစ်ကစားသမား ကန်ဆယ်လိုကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည့် ဘာစီလိုနာအသင်းက ဗယ်လာဒိုးလစ်ကစားသမား ဖရက်စ်နီဒါကို ခေါ်ယူတော့မည်မဟုတ်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အမြန်ဆုံးကစားသမားစာရင်းတွင် မန်စီးတီးခံစစ်ကစားသမား ဝေါ်လ်ကာ ထိပ်ဆုံးမှဦးဆောင်





**မန်ချက်စတာ ဩဂုတ် ၂၂**

ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားခဲ့သည့် ကစားသမားများမှ အမြန်ဆုံး ကစားသမားစာရင်းတွင် မန်စီးတီးအသင်းခံစစ်ကစားသမား ဝေါ်လ်ကာက ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့ကြောင်း 90Min.com က ယနေ့တွင်ဖော်ပြခဲ့သည်။

အဆိုပါ ကစားသမားများတွင် အသက် ၃၃ နှစ်ရှိ ခံစစ်ကစားသမားဝေါ်လ်ကာသည် မန်စီးတီးအသင်းနှင့်အတူ ခံစစ်၊ တိုက်စစ် လိုက်ပါကစားနိုင်ခဲ့ပြီး အသင်းကို ငါးကြိမ်မြောက် ပရီးမီးယားလိဂ်ဖလားရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့ကာ ၎င်း၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ၃၇ ဒသမ ၃၁ ကီလိုမီတာထိရှိခဲ့သောကြောင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် အမြန်ဆုံးကစားသမားအဖြစ် ဦးဆောင်နိုင်ခဲ့သည်။

၎င်းနောက်တွင် နော်တင်ဟမ်အသင်းမှ တောင်ပံကစားသမား ဘရန်နန်ဂျွန်ဆင်က အမြန်နှုန်း တစ်နာရီလျှင် ၃၆ ဒသမ ၇၀ ကီလိုမီတာဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ချဲလ်ဆီးအသင်း တောင်ပံကစားသမား မူဒရစ်က တစ်နာရီအမြန်နှုန်း ၃၆ ဒသမ ၆၃ ကီလိုမီတာဖြင့် တတိယနေရာတွင်လည်းကောင်း၊နယူးကာဆယ်အသင်း တောင်ပံကစားသမား အန်တိုနီဂေါ်ဒွန်က ၃၆ ဒသမ ၆၁ ကီလိုမီတာဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊လီဗာပူးအသင်းတိုက်စစ်မှူး ဒါဝင်နူနက်က ၃၆ ဒသမ ၅၃ ကီလိုမီတာဖြင့် ပဉ္စမနေရာတွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချဲလ်ဆီးအသင်း ခံစစ်ကစားသမားဟောင်း ရူဒီဂါက တစ်နာရီ ၃၆ ဒသမ ၇ မီလိုမီတာဖြင့် အမြန်ဆုံးကစားသမားအဖြစ် ဦးဆောင်နိုင်ခဲ့ပြီး တောင်ပံကစားသမားများဖြစ်သည့် လီဗာပူးကစားသမား ဆာလာဟ်နှင့် ဝုဗ်အသင်းကစားသမား ထရာအိုရေးတို့ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ပါဗက်၏နေရာတွင် ဂီထရိုက်ဒါနှင့်အစားထိုးရန် ဘိုင်ယန်မြူးနစ်အသင်းကြိုးပမ်း

**မြူးနစ် ဩဂုတ် ၂၂**

ဘိုင်ယန်မြူးနစ် အသင်းသည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားသည့် ခံစစ်ကစားသမား ပါဗက်၏နေရာတွင် အစားထိုးရန်အတွက် ဗီရင်နုအသင်းမှ ဂီထရိုက်ဒါကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Evening Standard သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် လက်ရှိ နွေရာသီအပြောင်းအရွှေ့ကာလတွင် ခံစစ်ကစားသမားများဖြစ်သည့် လူးကပ်ဟာနန်ဒက်စ်ကို ပီအက်စ်ဂျီအသင်းသို့လည်းကောင်း၊ စတန်နစ်တစ်ကို လေဗာကူဆင်အသင်းသို့လည်းကောင်းလက်လွှတ်ခဲ့ရပြီး ယခုအခါ ပါဗက်ကိုလည်း အင်တာမီလန်အသင်းသို့ ယူရို ၃၂ သန်းဖြင့်ရောင်းချရန် သဘောတူညီမှုရရှိခဲ့သောကြောင့် ခံစစ်ကစားသမားတစ်ဦး အမြန်ဆုံးဖြည့်တင်းရန် ကြိုးပမ်းနေသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ခံစစ်ကစားသမား သုံးဦးထိထွက်ခွာခွင့်ပြုခဲ့သော်လည်း နာပိုလီအသင်းမှ ကင်မင်ဂျေးတစ်ဦးသာ ခေါ်ယူနိုင်ခဲ့သောကြောင့် နွေရာသီအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ ခံစစ်ပိုင်း လိုအပ်ချက်အတွက် ဗီရင်နုအသင်းတွင် ခြေစွမ်းပြသလျက်ရှိသည့် ဂီထရိုက်ဒါကို အမြန်ဆုံးခေါ်ယူရန် ကစားသမား၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ဂီထရိုက်ဒါသည် ဗဟိုခံစစ်ပိုင်းနှင့် တောင်ပံခံစစ်ပိုင်းတို့တွင်ပါ လိုက်ပါကစားနိုင်သည့် ကစားသမားဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဗီရင်နုအသင်းကို အမှတ်ပေးချန်ပီယံဆုဖလားရရှိအောင် အဓိက နေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းခန့်ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ML

# ခရောဖို့ဒ်သည် အဲရိုလ်စပန့်ဘက်က မကျေပွဲအတွက်အဆင်သင့်မဖြစ်ပါက ကိတ်သာမန်းနှင့်ထိုးသတ်သွားရန် ဆန္ဒရှိနေကြောင်း ဘာနီဒါဗီး ပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၂**

WBO၊ WBA(Super)၊ WBC၊ IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်က စာချုပ်အရ WBA(Super)၊ WBC၊ IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား အဲရိုလ်စပန့်နှင့်မကျေပွဲစဉ်ထိုးသတ်ရမည်ဖြစ်ပြီး အဲရိုလ်စပန့်အနေဖြင့် မကျေပွဲစဉ်အတွက် စာချုပ်ပါအချက်အလက်ကို ပြန်လည်အသက်သွင်းကြောင်း ထုတ်ပြန်လာခြင်းမရှိသေးသည့်အတွက် အဲရိုလ်စပန့်အနေဖြင့် ခရောဖို့ဒ်နှင့် မကျေပွဲထိုးသတ်ရန် မသေချာသေးသည့် အခြေအနေကြောင့် ခရောဖို့ဒ်၏နည်းပြ ဘာနီဒါဗီးက ခရောဖို့ဒ်အတွက်အသင့်လျော်ဆုံးပြိုင်ဘက်သည် အမေရိကန်လက်ဝှေ့သမား ကိတ်သာမန်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း Boxing News247 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိတ်သာမန်းသည် WBA (Super) ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက အမေရိကန်လက်ဝှေ့သမား မာရီယိုနှင့် ဝယ်သာဝိတ်တန်း စိန်ခေါ်ပွဲထိုးသတ်ခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲထိုးသတ်ထားခြင်း မရှိသေးသူဖြစ်သည်။

ကိတ်သာမန်းသည် ၂၀၁၉ ခုနှစ်တွင် ကာလရှည်ထိန်းသိမ်းထားသည့် WBA(Super)ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုအားရှုံးနိမ့်ခဲ့ပြီးနောက် လက်ဝှေ့လောကမှ ခေတ္တအနားယူခဲ့သူဖြစ်ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စိန်ခေါ်ပွဲတစ်ပွဲထိုးသတ်ခဲ့ပြီးနောက် စိန်ခေါ်ပွဲမထိုးသတ်ရသည်မှာတစ်နှစ်ကျော်နေပြီဖြစ်ကြောင်း သိရသည်။

AZL



# (၁၁)ကြိမ်မြောက် အာရှသက်ငယ်တန်း ဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၂၂**

တရုတ်နိုင်ငံ မကာအိုမြို့တွင် ဩဂုတ် ၁၄ ရက်မှ ၂၁ ရက်ထိ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာရှသက်ငယ်တန်း ဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲ (11th Asian Junior Wushu Championships)တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာဝူရှူးအားကစားအဖွဲ့သည် ယနေ့နံနက် ၈ နာရီက တရုတ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

မြန်မာဝူရှူးအားကစားအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာဝူရှူးအားကစားအဖွဲ့တွင် တင်ထူးဝေက နန်းကွန့်အားကစားနည်း၌ ငွေတံဆိပ်တစ်ခု၊ နန်းသောင်းနှင့် နန်းချွမ်အားကစားနည်း၌ ကြေးတံဆိပ်တစ်ခုစီကို လည်းကောင်း၊ မျိုးထွယ်ရန်နှင့် မေသော်တာတို့ကချန်းစုအားကစားနည်း၌ ကြေးတံဆိပ် တစ်ဆုစီကို ရရှိခဲ့ကြပြီး ဝေယံမိုးဟိန်းက ချန်းစုနှင့် ကျန့်စုအားကစားနည်း၌ အဆင့်(၇)နေရာတွင်လည်းကောင်း၊ ဟန်စုဆွေးက သောင်းစုနှင့် ကွန့်စုအားကစားနည်း၌ အဆင့်(၅)နေရာတွင်လည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

STA

# Cleveland Openတင်းနစ်ပြိုင်ပွဲမှ အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံ နုတ်ထွက်

**ကလီဗလန်း ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကလီဗလန်မြို့၌ကျင်းပနေသည့် Cleveland Open တင်းနစ်ပြိုင်ပွဲကို ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်ဟု အမေရိကန်ဝါရင့်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံက ထုတ်ပြန်ခဲ့ကြောင်း AP News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီးနပ်စ်ဝီလျံသည် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက်ကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာမှာ စိုးရိမ်ရသည့်အခြေအနေမဟုတ်သော်လည်း လာမည့်ရက်သတ္တပတ်တွင်ကျင်းပမည့် US Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့်အတွက် အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂရန်းစလမ်းဆုဖလား ခုနစ်လုံးထိရရှိထားသည့် ဗီးနပ်စ်ဝီလျံသည် ကစားသမားဘဝမှ အနားယူရန် အချိန်နီးကပ်လာပြီဖြစ်ပြီး ကစားသမားဘဝမှအနားမယူမီ US Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

အသက် ၄၃ နှစ်ရှိ ဗီးနပ်စ်ဝီလျံသည် ဩဂုတ် ၂၈ ရက်တွင် စတင်ကျင်းပမည့် US Open တင်းနစ်ပြိုင်ပွဲတွင် Wild Card ရရှိထားပြီး ကစားသမားဘဝ နောက်ဆုံးပါဝင်ယှဉ်ပြိုင်သည့် US Open တင်းနစ်ပြိုင်ပွဲဖြစ်လာနိုင်သည်။

ဗီးနပ်စ်ဝီလျံက "ပြိုင်ပွဲဝင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒူးဒဏ်ရာက ပြိုင်ပွဲဝင်နိုင်လောက်တဲ့အခြေအနေမှာမရှိတဲ့အတွက် ပြိုင်ပွဲကနုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ မကြာခင်ကျင်းပမဲ့ US Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ပြင်ဆင်သွားမှာပါ။ Wild Card ရထားတဲ့အတွက် US Open တင်းနစ်ပြိုင်ပွဲဝင်ဖို့ ဒဏ်ရာအမြန်ဆုံးသက်သာအောင် ဂရုစိုက်သွားပါမယ်။ US Open တင်းနစ်ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေမယ်လို့ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# Junior Soccer World Challenge 2023 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ယူ-၁၂ အသင်း ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၂**

Junior Soccer World Challenge 2023ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၂အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် အိမ်ရှင်အဖြစ်ကျင်းပမည့် ဂျပန်နိုင်ငံ ချီဘားမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

Junior Soccer World Challenge 2023ပြိုင်ပွဲကို ဂျပန်နိုင်ငံ ချီဘားမြို့တွင် ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားမှုဖြင့် မြန်မာယူ-၁၂ အသင်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့မှ လူငယ်အသင်းများလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

Junior Soccer World Challenge 2023ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့သည့် မြန်မာယူ-၁၂ အသင်းတွင် အသင်း အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင် ခုနစ်ဦးနှင့် ကစားသမား ၁၈ ဦး စုစုပေါင်း ၂၅ ဦး လိုက်ပါခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာယူ-၁၂ အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၄ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဘာစီလိုနာလူငယ်အသင်းနှင့်စတင်ကစားရမည်ဖြစ်ပြီး အုပ်စုဒုတိယပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် Daiwa House Dream အသင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် JEF United Chibaအသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာယူ-၂၃အသင်း ဂိုးကွာခြားချက်နည်းပါးခဲ့မှုကြောင့် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရ

**ရန်ကုန် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပလျက်ရှိနေသည့် အာဆီယံယူ-၂၃ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာယူ-၂၃ အသင်းသည် ဘရူနိုင်းယူ-၂၃ အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဂိုးကွာခြားချက်နည်းပါးခဲ့သောကြောင့် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် မြန်မာအသင်းသည် ပွဲစကတည်းက ဘရူနိုင်းအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် နောင်နောင်စိုးက မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး ဂိုးမရှိဖြင့် မြန်မာအသင်းက ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာအသင်းက ခြေစွမ်းပိုင်းအသာဖြင့်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၇ မိနစ်တွင် စွမ်းထက်၊ ၅၂ မိနစ်တွင် မိုးဆွေနှင့် ပွဲချိန် ၆၇ မိနစ်တွင် ချစ်အေးတို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၇၁ မိနစ်တွင် ဝါဖြိုင်က ဘရူနိုင်းအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ဘရူနိုင်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာ ထိုင်းအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ ဘရူနိုင်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာမှ ကမ္ဘောဒီးယားအသင်းနှင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက် နည်းပါးခဲ့သည့်အတွက် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရခြင်းဖြစ်သည်။

အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က)၌ ထိုင်းအသင်းက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

STA

# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်း လူစာရင်းထွက်ပေါ်

**ဝါရှင်တန် ဩဂုတ် ၂၂**

အီတလီနိုင်ငံ ရိုးမားမြို့၌ စက်တင်ဘာလတွင် ကျင်းပမည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်အသင်းအတွက် အလိုအလျောက် ပါဝင်ကစားမည့် ကစားသမား ခြောက်ဦးစာရင်း ထွက်ပေါ်ခဲ့ကြောင်း CBS Golf သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အသင်း ကစားသမား ၁၂ ဦးအနက် ခြောက်ဦးကို အသင်းခေါင်းဆောင် ဇက်ဂျွန်ဆင်က ရွေးချယ်မည်ဖြစ်ပြီး ကျန်ခြောက်ဦး အလိုအလျောက် ဝင်ခွင့်အတွက် အမှတ်ပေးဇယား ရပ်တည်မှုအပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

ဇက်ဂျွန်ဆင်က ၎င်းစိတ်ကြိုက်ရွေးချယ်ခွင့်ရထားသည့် ကစားသမား ခြောက်ဦးစာရင်းကိုထုတ်ပြန်ခြင်းမရှိသေးသော်လည်း အမှတ်ပေးဇယားရပ်တည်မှုအရ အမေရိကန်အသင်းတွင် အလိုက်အလျောက်ပါဝင်ခွင့်ရသွားမည့် ကစားသမား ခြောက်ဦးစာရင်း ပေါ်ထွက်လာကြောင်း အမေရိကန် Ryder Cup အသင်းကိုယ်စားပြု တွစ်တာစာမျက်နှာတွင် ထုတ်ပြန်ခဲ့သည်။

အလိုက်အလျောက် စနစ်ဖြင့် အမေရိကန်အသင်း ကစားသမားများအဖြစ် ကမ္ဘာ့အဆင့်(၁) စကော့တီရှက်ဖလာကထိပ်ဆုံး၌ ရပ်တည်နေပြီး ကမ္ဘာ့အဆင့်(၄) ပက်ထရစ်ကန်တလေ၊ ကမ္ဘာ့အဆင့်(၆) ဇန်ဒါရှောင်ဖီလီ၊ ကမ္ဘာ့အဆင့်(၇) မက်ဟိုမာ၊ ကမ္ဘာ့အဆင့်(၉) ဘရိုင်ယန်ဟားမန်း၊ ကမ္ဘာ့အဆင့် (၁၁) ဝိုင်ဟမ်ကလက်ခ်တို့ ပါဝင်နေကြောင်း သိရသည်။

AZL

# နိုင်ဂျာအာဏာသိမ်းမှုနှင့်အနောက်အာဖရိက မဟာဗျူဟာအရွှေ့အပြောင်း

ဦးကိုကိုလှိုင်

ဇူလိုင် ၂၆ ရက်က အနောက်အာဖရိကဒေသက နိုင်ဂျာနိုင်ငံမှာ သမ္မတမိုဟာမက်ဘာဇွမ်ကိုဖြုတ်ချပြီး အာဏာသိမ်းခဲ့ပါတယ်။ အာဖရိကမှာ စစ်ဘက်က အာဏာသိမ်းတာကတော့ သိပ်မဆန်းပါဘူး။ ဒါပေမဲ့ ဒီတစ်ခါ နည်းနည်းထူးဆန်းတာလေးတွေရှိလာပါတယ်။

နိုင်ဂျာမတိုင်ခင် သူ့အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မာလီတို့ ဘာကီနာဖာဆိုတို့လိုနိုင်ငံတွေမှာ သိပ်မကြာခင်က သူ့လိုပဲ အာဏာသိမ်းမှုတွေဖြစ်ခဲ့ပေမဲ့ (မာလီမှာ ၂၀၂၀/၂၀၂၁၊ ဘာကီနာဖာဆိုမှာ ၂၀၂၂)ဘာမှ ထူးထူးခြားခြားတုံ့ပြန်မှုတွေ မတွေ့ခဲ့ရဘဲ နိုင်ဂျာကိစ္စကျမှ ECOWAS လို့ခေါ်တဲ့ အနောက်အာဖရိက နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့က သမ္မတဘာဇွမ်ကို နှစ်ပတ်အတွင်း အာဏာပြန်ပေးဖို့ နိုင်ဂျာအာဏာသိမ်းခေါင်းဆောင်တွေကို ရာဇသံပေးခဲ့ပြီး မလိုက်နာရင် စစ်ရေးအရအင်အားသုံးဝင်စွက်ရလိမ့်မယ်လို့ ခြိမ်းခြောက်ခဲ့တာတွေ့ရပါတယ်။ ပြင်သစ်၊ အမေရိကန် စတဲ့အနောက်နိုင်ငံတွေကလဲ ပိတ်ဆို့ဖိအားပေးမှုတွေ ပြုလုပ်လာပါတယ်။ အမေရိကန်နိုင်ငံခြားရေးဒုတိယဝန်ကြီး ဗစ်တိုရီယာနျူလန်ကိုယ်တိုင်တောင် နိုင်ဂျာအာဏာသိမ်းခေါင်းဆောင်တွေနဲ့လာတွေ့ပြီး ထိန်းသိမ်းခံသမ္မတ ပြန်လွှတ်ပေးရေးအတွက် တောင်းဆိုတိုက်တွန်းခဲ့တာ တွေ့ရပါတယ်။

နောက်တစ်ချက်ကတော့ အနောက်အာဖရိကဒေသမှာ ဩဇာလွှမ်းမိုးခဲ့တဲ့ ကိုလိုနီသခင်ဟောင်းပြင်သစ်ရဲ့အရှိန်အဝါတွေ သိသိသာသာ ကျဆင်းလာခဲ့ပြီး ရုရှားနိုင်ငံက ထိုးဖောက်ဝင်ရောက်လာတာဖြစ်ပါတယ်။ စစ်ရေးအနေနဲ့ပြောရရင် အနောက်အာဖရိကမှာ အစွန်းလမ်းစဉ် အကြမ်းဖက်ရန်ကို ကာကွယ်ပေးဖို့ဆိုပြီး ရောက်နေတဲ့ ပြင်သစ်တပ်ဖွဲ့တွေနှင်ထုတ်ခံနေရပြီး သူတို့အစား ရုရှားက ဝဂ္ဂနာကြေးစားတပ်ဖွဲ့တွေကို ငှားရမ်းအသုံးပြုလာတာ တွေ့ရပါတယ်။ ပြင်သစ်တွေကို သာမန်ပြည်သူတွေက ပါဆန့်ကျင်လာသလို တစ်ဖက်မှာတော့ ရုရှားတွေကို အာဏာသိမ်းအစိုးရတွေကတင်မဟုတ်ဘဲ အဲဒီဒေသခံလူထုကပါ လိုလားထောက်ခံတာမျိုးလဲ တွေ့ရပါတယ်။

ဒီလိုဖြစ်ပေါ်လာတဲ့ အနေအထားတွေက သာမန်ကြည့်ရင်တော့ ရုတ်တရက်ဖြစ်လာသလိုထင်ရပေမဲ့ တကယ်တော့ တရွေ့ရွေ့နဲ့ အကြောင်းတရားတွေ စုစည်းလာရာကနေ အကျိုးဆက်တွေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။

**သယံဇာတ လက်ဝါးကြီးအုပ်မှု**

အကြောင်းတရားတစ်ခုကတော့ ပြင်သစ်ကိုလိုနီဟောင်း နိုင်ငံတွေအပေါ် ပြင်သစ်က အခုအချိန်ထိ စီးပွားရေးအမြတ်ထုတ် ဗိုလ်ကျခြယ်လှယ်နေတာကို မကျေမနပ်ဖြစ်လာကြတာပဲ ဖြစ်ပါတယ်။ တကယ်တော့ အာဖရိကတိုက်ဟာ စိန်ရွှေ ယူရေနီယံ၊ ရေနံ၊ စတဲ့ အဖိုးတန် သဘာဝသယံဇာတတွေနဲ့ အကြွယ်ဝဆုံး ကုန်းမြေထုကြီးတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အာဖရိကနိုင်ငံတွေကျတော့ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးဖြစ်နေကြတာ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းက ယခုအခါမှာ အာဖရိကတိုက်အတွင်း အထူးသဖြင့် လူငယ်တွေကြားမှာ အတော်လေး ကျယ်ပြန့်လာတာ တွေ့ရပါတယ်။

**အာဖရိကတိုက်**

အထူးသဖြင့် အနောက်အာဖရိကမှာ နယ်ချဲ့အရင်းရှင်ခေတ်က ပြင်သစ်ကိုလိုနီတွေ များခဲ့ပါတယ်။ ကိုလိုနီနယ်ချဲ့တွေဟာ သိမ်းပိုက်ခံဒေသတွေက သဘာဝသယံဇာတတွေ စိုက်ပျိုးရေးထုတ်ကုန်တွေကို အလကား၊ ပေါပေါပဲပဲနဲ့ရယူပြီး သူတို့စက်ရုံတွေမှာ ကုန်ချောထုတ် ဈေးကြီးကြီးနဲ့ ပြန်ရောင်း အမြတ်ထုတ်ပြီး ကြီးပွားချမ်းသာလာကြတာဖြစ်ပါတယ်။ အာဖရိကကျတော့ပိုဆိုးပါတယ်။ လူတွေကိုပါ ငွေဝယ်ကျွန်အဖြစ်နဲ့ ဖမ်းပြီးရောင်းစားတာ ခံကြရပါတယ်။ "ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်လှပါသည်" ဆိုတဲ့အတိုင်းပါပဲ။ အရောင်းစားခံရပြီးတော့လဲ လူလိုသဘောထားဆက်ဆံခံရတာ မဟုတ်ပါဘူး။ သံကြိုးတန်းလန်းနဲ့ တိရစ္ဆာန်တွေလို ကြာပွတ်သံအောက်မှာ အလုပ်ကြမ်းတွေ လုပ်ခဲ့ကြရတာပါ။ ဒါကြောင့် အာဖရိကန်တွေ မကျေနပ်ပေမဲ့ အားမတန်လို့ မာန်လျှော့ထားခဲ့ရတာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ကမ္ဘာတစ်လွှားကိုလိုနီလက်အောက်ခံဒေသတွေရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေ ပြင်းထန်လာခဲ့ပါတယ်။ အာဖရိကနိုင်ငံအများစုကတော့ ၁၉၆၀ ပြည့်လွန်နှစ်တွေထိ လှုပ်ရှားရုန်းကန်နေကြရတုန်းဖြစ်ပါတယ်။ အာဖရိကန်တွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုကို အဲဒီခေတ်က Elites တွေက ဆရာသခင်ဟောင်းတွေရဲ့ မှိုင်းမမှုနဲ့ အဆင်ပြေ၊ အောက်ခြေမှာတော့ ကမ္ဘာပျက်နေခဲ့တာကြာပါပြီ။

တချို့ပညာရှင်တွေက အာဖရိကဟာ ကမ္ဘာ့အစနဲ့အဆုံးကို တစ်ပြိုင်တည်း တွေ့နိုင်တဲ့နေရာလို့ ဆိုကြပါတယ်။ အစဆိုတာက လူနေမှုအဆင့် ကမ္ဘာ့ဦးပုံစံ၊ အဆုံးဆိုတာက ကပ်ကြီးသုံးပါးဆိုက်ပြီး ကမ္ဘာပျက်ခါနီးလိုဖြစ်နေတာကို ဆိုလိုတာပါ။

**မျှော်လင့်ချက်တော်လှန်ရေး**

အာဖရိကမှာ ဒီအခြေအနေတွေကို တွန်းလှန်ကျော်လွှားချင်တဲ့ မျှော်လင့်ချက်တော်လှန်ရေး Revolution Of Rising Expectation ဖြစ်လာတယ်လို့ မြင်မိပါတယ်။




ဒီလိုဖြစ်လာတာလဲ အဓိကအကြောင်းရင်းနှစ်ချက်ရှိတယ်လို့မြင်ပါတယ်။ တစ်ချက်က အနောက်မှာ လစ်ဘရယ်အတွေး တွန်းကားလာတာပါ။ လစ်ဘရယ်အတွေးအမြင်တွေကြောင့် လူမည်းတွေလဲ တန်ဖိုးရှိတဲ့အသက်နဲ့ပါဆိုတဲ့ Black Lives Matter လှုပ်ရှားမှုအားကောင်းလာခဲ့ပါတယ်။ တလောတုန်းက ပြင်သစ်မှာဖြစ်သွားတဲ့ အဓိကရုဏ်းက အနိမ့်ခံ အသားမည်းရောင်ရှိသူတွေရဲ့ အဖြူဆန့်ကျင်ရေးစိတ် အုံကြွမှုလို့ဆိုနိုင်ပါတယ်။ ဒီစိတ်ဓာတ်က အမည်းအများစုရှိတဲ့ အာဖရိကကို ကူးစက်လာခဲ့ပုံရပါတယ်။ ငါတို့မှာ သယံဇာတကြွယ်ဝလျက်နဲ့ အခုထိ ဘဝမှာ ကျွန်တွေလိုနေရတုံးလို့ မြင်လာကြတာပါ။ ဒါကြောင့် အာဖရိကမှာ အခုနောက်ပိုင်းအာဏာသိမ်းမှုတွေကို လူအများက ထောက်ခံလာကြတာတွေ့ရပါတယ်။ ပြင်သစ်ကိုလိုနီဟောင်းတွေမှာ ပြင်သစ်ဆန့်ကျင်ရေးဆန္ဒပြမှုတွေပါ တွေ့လာရပါတယ်။

နောက်တစ်ချက်က မဟာဗျူဟာအားပြိုင်မှုမှာ ရုရှားရဲ့စိတ်ဝင်စားမှုက ဒီဘက်ရောက်လာတာပါပဲ။ အာဖရိကဘက်မှာဆိုရင် ၂၀၁၉ ခုနှစ်မှာ Russia-Africa Summit စလုပ်ခဲ့တာ တွေ့ရပါတယ်။ ယူကရိန်းပဋိပက္ခဖြစ်ပြီး မကြာခင်ကပဲ ဒုတိယအကြိမ် Summit လုပ်ခဲ့ပါတယ်။ ဒီ Summit မှာ ရုရှားက အာဖရိကနိုင်ငံတွေအပေါ် တင်ရှိနေတဲ့ ဒေါ်လာဘီလီယံ ၂၀ ပမာဏလောက်ရှိတဲ့ အကြွေးတွေ လျှော်ပေးခဲ့သလို စားရေရိက္ခာခက်ခဲတဲ့ အာဖရိကခြောက်နိုင်ငံကို သီးနှံတွေ တန်ချိန်ငါးသောင်းလောက် အလကားပေးဖို့ ကတိပြုခဲ့တာတွေ့ရပါတယ်။ ဒါတွေက ရုရှား-ယူကရိန်းပဋိပက္ခကြောင့် စားရေရိက္ခာခက်ခဲနဲ့ စီးပွားရေးအကျပ်အတည်းအပေါ် စိုးရိမ်နေကြတဲ့ အာဖရိကနိုင်ငံတွေကို ဦးတည်စည်းရုံးလိုက်တဲ့သဘောပါပဲ။

မဟာအင်အားကြီး အမေရိကန်ကတော့ အာဖရိကကို ပစ်ထားတာကြာပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အိုဘားမားလက်ထက်က Summit နောက်ပိုင်း ၂၀၂၂ ခုနှစ်ကျမှ ဒုတိယအကြိမ် အာဖရိက-အမေရိကန် Summit ထလုပ်ပေမဲ့ သိပ်သိသာတဲ့ရလဒ်မမြင်တွေ့ရပါဘူး။ လူသားချင်းစာနာမှုအတွက် ဒေါ်လာသန်း ၅၀၀ လောက် ပေးမယ်ဆိုပေမဲ့ အာဖရိက လူဦးရေ သန်း ၁၄၀၀ အတွက် တစ်ဦးကို ဆင့် ၄၀ တောင် မပြည့်တဲ့အကူအညီပါ။

အနောက်အာဖရိကမှာ ပြင်သစ်က ပြန်ဝင်ဖို့ကြိုးစားနေပြီး အစွန်းလမ်းစဉ်အကြမ်းဖက်တွေတိုက်ဖို့ဆိုပြီးတော့ တပ်တွေလွှတ်ထားပေမဲ့ သခင်ကြီးပုံမပျောက်ဘဲ အထက်စီးနိုင်လွန်းတော့ သိပ်အဆင်မပြေလှဘူး။ တကယ်တော့ အမေရိကန်ကလဲအာဖရိကကို အကြမ်းဖက်အတွက်ပဲ စိတ်ဝင်စားတာဖြစ်ပါတယ်။

**ယူရေနီယံ**

နိုင်ဂျာကိစ္စကြည့်ရင် ကိုလိုနီသခင်ဟောင်း ပြင်သစ်က နိုင်ဂျာထွက်သမျှ ယူရေနီယံကို ဝယ်သုံးနေပါတယ်။ ပြင်သစ်ယူရေနီယံ လိုအပ်ချက် ၂၅ ရာခိုင်နှုန်းလောက်ကို နိုင်ဂျာက ဖြည့်ဆည်းပေးနေတာပါ။ ဒါပေမဲ့ ကုန်ကြမ်းပဲရောင်းစားရတဲ့နိုင်ငံကတော့ ဆင်းရဲတွင်းက မတက်နိုင်ပါဘူး။ နိုင်ဂျာကရတဲ့ ယူရေနီယံနဲ့ အဏုမြူဓာတ်ပေါင်းဖိုတွေလည်ပြီး ပြင်သစ်က မီးထိန်ထိန်လင်းနေချိန်မှာ နိုင်ဂျာကတော့ လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်မထုတ်နိုင်လို့ နိုင်ဂျီးရီးယားက ဝယ်သုံးနေရတာဖြစ်ပါတယ်။

အခုနောက်ပိုင်း ယူကရိန်းပဋိပက္ခကြောင့် အာဖရိကကိုမတင်ပို့နိုင်လို့ ကောက်ပဲသီးနှံတွေ ဈေးတက်လာပါတယ်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမှာ ဆင်းရဲတဲ့နိုင်ငံတွေက ပိုခံစားကြရပါတယ်။ ဒီအခက်အခဲကို နိုင်ဂျာလူထုက မျှော်လင့်အားထားခဲ့ကြတဲ့ သမ္မတဘာဇွမ်လဲ မဖြေရှင်းနိုင်တော့ လူတွေက စိတ်ပျက်လာကြတယ်။

**စွမ်းအင် နိုင်ငံရေး**

ဒီအခြေအနေမှာ ရုရှားအတွက် မဟာဗျူဟာအမြတ်ထွက်ဖို့ဖြစ်လာပါတယ်။ အာဖရိကန်နိုင်ငံတွေရင်ဆိုင်နေရတဲ့ အကြမ်းဖက်စွက်ကိုလဲ ရုရှားက ဝဂ္ဂနာကြေးစားတပ်ဖွဲ့တွေနဲ့ ဖြေရှင်းမယ်ဆိုတာမျိုးဖြစ်လာပါတယ်။ ရုရှားအတွက် နိုင်ဂျာစစ်အစိုးရသစ်နဲ့ အဆင်ပြေရင် ယူကရိန်းကိုအားပေးနေတဲ့ ပြင်သစ်ကို စွမ်းအင်အရ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ နဂိုကတည်းက စွမ်းအင်အကျပ်အတည်းတွေ့နေတဲ့ ပြင်သစ်အတွက် နိုင်ဂျာက ယူရေနီယံမရတော့ရင် ကြီးမားတဲ့အခက်အခဲဖြစ်လာနိုင်သလို ရုရှားအတွက်တော့ ယူရေနီယံတွေ အပိုဆောင်းရနိုင်ပြီး အဏုမြူလက်နက်တွေ တိုးထုတ်နိုင်မှာဖြစ်ပါတယ်။

ယူရေနီယံအပြင် နောက်ထပ်မဟာဗျူဟာ ကစားကွက်တစ်ခုက ရေနံနဲ့ဓာတ်ငွေ့ပိုက်လိုင်းတွေဖြစ်ပါတယ်။ ရုရှားဆီက ဓာတ်ငွေ့မဝယ်နိုင်တော့တဲ့ ဥရောပနိုင်ငံတွေ အထူးသဖြင့် မြေထဲပင်လယ်ကမ်းခြေနိုင်ငံတွေဟာ မြေထဲပင်လယ်တစ်ဖက်ကမ်း အာဖရိကတိုက်ဘက်က ဓာတ်ငွေ့ကို လှမ်းမျှော်လာပါတယ်။ အာဖရိကမြောက်ခြမ်းက ရှိရင်းစွဲပိုက်လိုင်းတွေအပြင် ထပ်တိုးရနိုင်ဖို့ ရေနံနဲ့သဘာဝဓာတ်ငွေ့ကြွယ်ဝတဲ့ အာဖရိကအနောက်တောင်ပိုင်းက နိုင်ဂျီးရီးယားကိုပါ လက်လှမ်းမီခွင့်ပြုလာပါတယ်။ မြေထဲပင်လယ်ကမ်းခြေက အယ်လ်ဂျီးရီးယားနိုင်ငံမှာ ဥရောပနဲ့ဆက်တဲ့ ပိုက်လိုင်းတွေက ရှိပြီးသားဖြစ်လို့ ကြားထဲက နိုင်ဂျာကိုဖြတ်ပြီး နိုင်ဂျီးရီးယားနဲ့ ပိုက်လိုင်းသွယ်လိုက်ရင် ရနိုင်ပါတယ်။

ဒီလို ပိုက်လိုင်းသွယ်ဖို့စိတ်ကူးက လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ လောက်ကတည်းက ရှိခဲ့ပြီးသားပါ။ ဆာဟာရသဲကန္တာရဖြတ်ကျော် ဓာတ်ငွေ့ပိုက်လိုင်း Trans-Sahara Gas Pipeline (TSGP) လို့ လူသိများတဲ့ ဒီပိုက်လိုင်းဟာ အကြောင်းကြောင်းကြောင့် အကောင်အထည်မပေါ်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်တုန်းက ထပ်ပြီးကြိုးစားခဲ့ကြပေမဲ့ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် ရပ်ဆိုင်းသွားပြန်ပါတယ်။ ၂၀၂၂ ခုနှစ်မှာတော့ ယူကရိန်းပဋိပက္ခကြောင့်

စာမျက်နှာ ၁၁ သို့

# (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် မျိုးစန္ဒီကျော်က ငွေကျပ် ငါးသိန်းလှူဒါန်း



**ရန်ကုန် ဩဂုတ် ၂၂**

လာမည့် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် (၄၆)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာလောကသားများက အလှူငွေများ ပါဝင်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် သရုပ်ဆောင် မျိုးစန္ဒီကျော်က ငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါရုပ်ရှင်သက်ကြီး ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင် အလှူရှင်များက အလှူငွေများ နေ့စဉ် လာရောက်လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ မကြာခင် ကျင်းပမှာမို့ အနုပညာရှင်တွေ ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ သရုပ်ဆောင် မျိုးစန္ဒီကျော်က ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထိုသို့ အလှူငွေများ လှူဒါန်းရာတွင် သရုပ်ဆောင်မေသန်းနုက ငွေကျပ်တစ်သိန်း၊ သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်က ငွေကျပ်ငါးသိန်း၊ သရုပ်ဆောင်ကျော်ထက်အောင်က ငွေကျပ် ငါးသိန်း၊ သရုပ်ဆောင် ခန့်စည်သူက ငွေကျပ် သုံးသိန်း၊ သရုပ်ဆောင် ကိုဘင်းနှင့်နှိုင်းယှဉ်မြင့်မိုရ်တို့က ငွေကျပ်သုံးသိန်း၊ သရုပ်ဆောင်မြယာက ငွေကျပ်တစ်သိန်း၊ သရုပ်ဆောင် စိုးရန်အောင်နှင့်သက်သခင်တို့က ငွေကျပ်နှစ်သိန်း၊ သရုပ်ဆောင် ရန်အောင်က ငွေကျပ်သုံးသိန်း၊ Triple Six ရုပ်ရှင်ထုတ်လုပ်ရေး ဦးသန်းဌေးက ငွေကျပ် ၁၇သိန်း၊ သရုပ်ဆောင် နေရှိုင်းက ငွေကျပ်တစ်သိန်း၊ဇာတ်ပို့ဇာတ်ရံ ငြိမ်းချမ်းအောင်က ငွေကျပ် ငါးသောင်း ပါဝင်လှူဒါန်းထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ASH

# Meg 2:The Trench ဇာတ်ကား နိုင်ငံတကာရုပ်ရှင်ဈေးကွက်၌ အထူးအောင်မြင်

**နယူးယောက် ဩဂုတ် ၂၂**

ဝါနာဘရားသားကုမ္ပဏီ၏ Meg:2 The Trench ဇာတ်ကားသည် ပြည်တွင်းဝင်ငွေ မျှော်လင့်ထားသလောက် အားမကောင်းခဲ့သော်လည်း နိုင်ငံတကာရုပ်ရှင်ဈေးကွက်၌ အထူးအောင်မြင်နေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Meg:2 The Trench ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်း ၇၉ ရာခိုင်နှုန်းမှာ နိုင်ငံတကာရုပ်ရှင်ဈေးကွက်မှရရှိခဲ့သော ဝင်ငွေဖြစ်ရာ ရုပ်ရှင်တစ်ကားဖန်တီးရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အရေးပါပုံကို ပြသလျက်ရှိသည်။

Meg:2 The Trench ဇာတ်ကားသည် အမေရိကန်နှင့်တရုတ်ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီများ ပူးတွဲထုတ်လုပ်ထားသည့်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား၌ ဟောလိဝုဒ်အက်ရှင်မင်းသား ဂျေဆင်းစတာတမ်နှင့်အတူကမ္ဘာကျော်တရုတ်မင်းသား ဝူကန်း သရုပ်ဆောင်ထားသပြီး Meg:2 The Trench ဇာတ်ကားကို ဒါရိုက်တာဘင်းဝီတ်တလေက ရိုက်ကူးပေးထားကြောင်း သိရသည်။

KKO




➤ စာမျက်နှာ ၁၀ မှအဆက်

ဒီအစီအစဉ်ကို ပြန်အသက်သွင်းဖို့ ကြိုးပမ်းလာကြပြန်ပါတယ်။ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံလောက်ကုန်ကျမဲ့ ဒီပိုက်လိုင်းကြီးပြီးရင် နိုင်ဂျီးရီးယားအတွက်ကတော့ တစ်နှစ်ကို ဓာတ်ငွေ့ကုဗပေတစ်ထရီလီယံလောက်တင်ပို့နိုင်ပြီး ၂၀၂၂ ခုနှစ် ပေါက်ဈေးအရ ကုဗပေ ၁၀၀၀ ကို ၉ ဒသမ ၅၂ ဒေါ်လာဖြစ်လို့ ၁ ထရီလီယံ (သန်းပေါင်းတစ်သန်း) ဆိုရင် ဒေါ်လာ ၉ ဒသမ ၅ဘီလီယံ ဝင်ငွေရရှိနိုင်တာဖြစ်ပါတယ်။ ဒါဟာ ECOWAS အုပ်စုခေါင်းဆောင်ဖြစ်တဲ့ နိုင်ဂျီးရီးယားက ဘာဖြစ်လို့ နိုင်ဂျာမှာ အာဏာသိမ်းတဲ့ကိစ္စအပေါ် သည်းသည်းလှုပ်ဖြစ်နေပြီး စစ်အင်အားသုံးဝင်စွက်ဖို့ အတင်းပြောနေရတာလဲဆိုတဲ့ မေးခွန်းအတွက် နောက်ကွယ်က အကြောင်းတရားဖြစ်နိုင်ပါတယ်။

**အာဖရိကစစ်ပွဲကြီး ဖြစ်လာနိုင်ဖွယ် ရှိ၊ မရှိ**

ECOWAS အဖွဲ့က ထုတ်ပြန်ထားတဲ့ နိုင်ဂျာသမ္မတဟောင်း ဘာဇွမ်ကို အာဏာပြန်ပေးရေး ရာဇသံရဲ့နောက်ဆုံးရက်ကတော့ ကျော်သွားတာအတော်ကြာပါပြီ။ နိုင်ဂျာစစ်ဘက်အစိုးရကတော့ ဘာဇွမ်ကို ပြန်မလွှတ်တဲ့အပြင် နိုင်ငံတော်သစ္စာဖောက်မှုနဲ့ တရားစွဲမယ်လို့တောင် ခြိမ်းခြောက်ထားပါသေးတယ်။

ဩဂုတ် ၁၈ ရက်ထိ နောက်ဆုံးအခြေအနေအရကတော့ ECO-WAS တပ်တွေကို သက်ဆိုင်ရာနိုင်ငံတွေမှာ အသင့်စုဖွဲ့ထားပြီး တိုက်ခိုက်ရေးအင်အား ၂၅၀၀၀ လောက်ရှိနိုင်တယ်လို့ဆိုပါတယ်။ နိုင်ဂျာနိုင်ငံထဲ ဝင်ရောက်တိုက်ခိုက်ဖို့ နောက်ဆုံးစီမံချက်ကိုလဲ ဆွဲပြီးသွားပြီလို့ဆိုပါတယ်။

ဒါပေမဲ့ ECOWAS ၁၅ နိုင်ငံမှာ စစ်ဘက်ကအုပ်ချုပ်နေတဲ့ သုံးနိုင်ငံ (မာလီ၊ ဘာကီနာဖာဆိုနဲ့ ဂီနီယာ)နဲ့ ကိတ်ဗာဒီတို့ကတော့ ဒီအုပ်စုမှာပါဝင်မှာမဟုတ်ပါဘူး။ ကျန်တဲ့ ၁၀ နိုင်ငံမှာလဲ အဓိကဦးဆောင်မှာက နိုင်ဂျီးရီးယားဖြစ်ပြီး နိုင်ဂျာကိုဝင်မဲ့လမ်းကြောင်းကလဲ နိုင်ဂျီးရီးယားဘက်ကပဲ ဖြစ်ဖွယ်ရှိပါတယ်။

နိုင်ဂျာရဲ့ တခြားအိမ်နီးချင်းတွေဖြစ်တဲ့ မာလီနဲ့ ဘာကီနာဖာဆိုတို့ကတော့ နိုင်ဂျာအစိုးရဘက်ကဖြစ်ပြီး ECOWAS က တပ်အင်အားသုံးလာရင် သူတို့ပါနိုင်ဂျာဘက်ကဝင်တိုက်မယ်လို့ ပြောထားပါတယ်။ နိုင်ဂျာက စစ်ခေါင်းဆောင်တွေက ရုရှားကြေးစား ဝဂ္ဂနာတပ်ဖွဲ့နဲ့ မာလီမှာ လျှို့ဝှက်တွေ့ဆုံခဲ့တယ်ဆိုတဲ့သတင်းလဲထွက်လာတော့ ဒီအရေးအခင်းမှာ ဝဂ္ဂနာတပ်ဖွဲ့လဲ ပါလာနိုင်ပါတယ်။

သေချာတာကတော့စစ်ပွဲဖြစ်တာနဲ့ ECOWAS အဖွဲ့ဟာ နှစ်ခြမ်းကွဲတော့မှာဖြစ်ပြီး နှစ်ဖက်နိုင်ငံစုံတိုက်တဲ့ နိုင်ငံတကာ စစ်ပွဲပုံစံဖြစ်သွားနိုင်ပါတယ်။ အဲဒီကမှ နောက်ကွယ်မှာရှိနေတဲ့ အင်အားကြီးတွေပါလာပြီး အာဖရိကရဲ့ကမ္ဘာစစ်ဖြစ်သွားလိမ့်မယ်လို့ အီတလီက သတိပေးထားပါတယ်။ ECOWAS အပေါ်မှာ လွှမ်းမိုးမှုရှိတဲ့ အာဖရိကသမဂ္ဂ (AU) ရဲ့ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကောင်စီကတော့ စစ်အင်အားသုံးဖြေရှင်းမဲ့နည်းလမ်းကို မထောက်ခံဘူးလို့ဆိုပါတယ်။ နိုင်ဂျီးရီးယားအထက်လွှတ်တော်ကိုယ်တိုင်က နိုင်ဂျီးရီးယားတပ်ဖွဲ့တွေ စေလွှတ်မှာကို သဘောမတူဘူးလို့ဆိုပါတယ်။

ဒါပေမဲ့ နိုင်ဂျီးရီးယားသမ္မတ တီနူဘူကတော့ စစ်အင်အားသုံးဖို့အတော်ကို စိတ်အားထက်သန်နေပုံရပါတယ်။ နိုင်ဂျီးရီးယားမှာအချမ်းသာဆုံးနိုင်ငံရေးသမား ဖြစ်တဲ့ တီနူဘူဟာ အမေရိကန်မှာနေထိုင်ခဲ့တုန်းက မူးယစ်ရာဇဝတ်တွေနဲ့ ပတ်သက်ခဲ့ဖူးသလို နိုင်ဂျီးရီးယားနိုင်ငံရေးသမားဘဝမှာလဲ အဂတိလိုက်စားမှုတွေနဲ့ပတ်သက်ရှုပ်ထွေးတဲ့ ဂေါ့ဖားသားလို့ နာမည်ကြီးပါတယ်။ ဘာပဲဖြစ်ဖြစ် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံတန်တဲ့ ပိုက်လိုင်းစီမံကိန်းကြီးကို နိုင်ငံတကာရေနံလုပ်ငန်းကြီးတွေ ဝိုင်းပြီးသွားရည်ယိုနေကြချိန်မှာ Mobil ရေနံအမှုဆောင်ဟောင်းတစ်ယောက်ဖြစ်တဲ့ သမ္မတတီနူဘူအနေနဲ့လဲ ဒီပိုက်လိုင်းကိုလက်လွှတ်မခံနိုင်တာမဆန်းပါဘူး။ ဒီပိုက်လိုင်းဖြစ်မြောက်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ဂျာနိုင်ငံကို လိုအပ်ရင်စစ်အင်အားသုံးဖို့လဲ သိပ်တော့ဝန်လေးမှာမဟုတ်ပါဘူး။ နောက်ဆုံးတော့လဲ အကျိုးစီးပွားအဓိကပါပဲ။

**မဟာဗျူဟာအရွေ့**

နိုင်ငံရေးအရ အနောက်အုပ်စုက နိုင်ဂျာကို အနောက်အာဖရိကရဲ့ ဒီမိုကရေစီနောက်ဆုံးခံတပ်လို့ သဘောထားတာဖြစ်ပါတယ်။ နိုင်ဂျာက အနောက်ဆန့်ကျင်ရေးဘက်ကိုပါသွားရင် "အနောက်အာဖရိက ကနေ အနောက်အုပ်စု ဆုတ်ခွာရတော့မလား။ ဒါမှမဟုတ် မဖြစ်မနေခေါင်းတည့်ထိပ်တိုက်တွေ့မလား"ဆိုတဲ့ လမ်းခွဲကို ရင်ဆိုင်ရတော့မှာပါ။ အခုကိုပဲ မာလီကနေ ကုလသမဂ္ဂနဲ့ ပြင်သစ်တပ်ဖွဲ့တွေ ထွက်ခွာသွားခဲ့ကြပြီဖြစ်ပါတယ်။ နိုင်ဂျာမှာလဲ အကြမ်းဖက်ထောက်လှမ်းရေးတာဝန်နဲ့ တပ်ချထားတဲ့ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီတပ်ဖွဲ့တွေ ထောင်နဲ့ချီပြီးရှိနေပါသေးတယ်။ သူတို့ရဲ့အနာဂတ်က ဘယ်လိုဖြစ်မလဲ။ ECOWAS က နိုင်ဂျာကို အင်အားသုံးဝင်ရောက်လာရင် ဒီအနောက်အုပ်စုတပ်ဖွဲ့တွေက ဓားစာခံဖြစ်သွားမလား။ သိမ်မွေ့ခက်ခဲတဲ့ အနေအထားဖြစ်လို့ အနောက်နိုင်ငံတွေ နည်းနည်းအကျပ်တွေ့နေတဲ့ သဘောရှိပါတယ်။

ရုရှားကတော့ နိုင်ဂျာကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ပဲ တိုက်တွန်းနေပေမဲ့ အနောက်အုပ်စုထွက်ခွာသွားလို့ ပေါ်ပေါက်လာတဲ့ အင်အားလစ်ဟာကွက်မှာ ဝဂ္ဂနာတပ်ဖွဲ့တွေ ဝင်ရောက်သွားရင်လဲ စိတ်ဆိုးမဲ့ပုံတော့ မရှိပါဘူး။

တရုတ်ကလဲ ရုရှားလိုပဲ ဒီပြဿနာကို နိုင်ငံရေးအရဖြေရှင်းဖို့ တိုက်တွန်းထားပါတယ်။ နိုင်ဂျာမှာ တရုတ်ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမားတချို့ရှိနေပါတယ်။ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော် တန်ဖိုးရှိတဲ့ ရေအားလျှပ်စစ်ထုတ်မဲ့ ရေလှောင်တမံစီမံကိန်းကြီးတစ်ခုက ဒီကိစ္စကြောင့် ရပ်ဆိုင်းထားရပါတယ်။ တရုတ်ရေနံကုမ္ပဏီ CNPC က တာဝန်ယူထားတဲ့ ဒေါ်လာ ၄ ဘီလီယံကုန်ကျမဲ့ နိုင်ဂျာ-ဘီနင် ရေနံပိုက်လိုင်းကတော့ ပိတ်ဆို့မှုတွေကြားကပဲ ဆက်လုပ်သွားမယ်လို့ ဘီနင်နိုင်ငံက ပြောပါတယ်။ ကီလိုမီတာ ၁၉၅၀ ရှည်လျားပြီး အာဖရိကမှာ အရှည်ဆုံးရေနံပိုက်လိုင်းဖြစ်လာမဲ့ ဒီပိုက်လိုင်းကနေ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တဲ့ နိုင်ဂျာဟာ သူ့ရဲ့ရေနံတွေကို ဘီနင်ပင်လယ်ဆိပ်ကမ်းတွေကတစ်ဆင့် ပြည်ပတင်ပို့နိုင်မှာဖြစ်ပါတယ်။ တစ်နှစ်ကို ရေနံစိမ်းတန်ချိန် ၄ ဒသမ ၅သန်း (လက်ရှိ ဈေးနှုန်းအရ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ) တင်ပို့နိုင်မှာမို့ ဆင်းရဲတဲ့နိုင်ဂျာနိုင်ငံအတွက် သယံဇာတထီပေါက်သလိုဖြစ်ပေမဲ့ ဒီသယံဇာတကြောင့်ပဲ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုနဲ့ ပြည်ပမဟာဗျူဟာ အားပြိုင်မှုတွေအတွက် လမ်းစဖြစ်လာမလား စဉ်းစားစရာ ဖြစ်နေပါတယ်။

အကျိုးစီးပွားနဲ့တွက်ရင်တော့ နေရာတိုင်းမှာ ထိပ်တိုက်ရင်ဆိုင်မှုတွေတွေ့နေရပြီး ဘက်ပေါင်းစုံ အကျပ်တွေ့နေတဲ့ အမေရိကန်ဟာ မဟာဗျူဟာအရအရေးပါပေမဲ့ အလှမ်းဝေးတဲ့ ဆာဟာရသဲကန္တာရတစ်ပိုင်း အနောက်အာဖရိကမှာ အရင်းအမြစ်တွေ အများကြီးသုံးဖို့ အများကြီးစိတ်ဝင်စားပါ့မလားလို့ တွေးဆမိပါတယ်။ ဒါပေမဲ့ ယူကရိန်းပဋိပက္ခကြောင့် စွမ်းအင်အကျပ်အတည်းဖြစ်နေတဲ့ ဥရောပကတော့ နိုင်ဂျီးရီးယားက ဓာတ်ငွေ့ရဖို့စိတ်ဝင်စားမှာဖြစ်သလို ကိုလိုနီသခင်ဟောင်း ပြင်သစ်အတွက်လဲ မျက်နှာငယ်ငယ်နဲ့ ဆုတ်ခွာထွက်သွားရမှာ တွန့်ဆုတ်နေဖွယ်ရှိပါတယ်။ ဒါပေမဲ့လဲ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတာလို ပြင်သစ်စကားပြော အာဖရိကနိုင်ငံတွေက ရဲရဲတင်းတင်း အာခံလာတာကို ရှောင်လွှဲနိုင်စွမ်းမရှိတော့တာက တစ်နေ့တခြား ထင်ရှားလာနေပါတယ်။

အဲဒီအတိုင်း အင်္ဂလိပ်စကားပြော ကိုလိုနီဟောင်းတွေကလဲ အနောက်အုပ်စုရဲ့လောင်းရိပ်အောက်က ရုန်းထွက်ချင်လာကြတာတွေ့မြင်လာရတာမို့ အာဖရိကမှာ မဟာဗျူဟာအပြောင်းအလဲကြီးပေါ်လာတော့မဲ့ အလားအလာတွေတော့ ခံစားလာရပြီဖြစ်ပါတယ်။ ဒီအပြောင်းအလဲဟာ အရင်စစ်အေးကာလတုန်းကလို ဘက်မလိုက်ပုံစံဖြစ်လာမလား၊ ဘက်နှစ်ဘက်နဲ့ ကြားနေသုံးအုပ်စုပုံစံ ဖြစ်လာမလားဆိုတာတော့ စောင့်ကြည့်ရအုံးမှာဖြစ်ပါ တယ်။ ဒီပုစ္ဆာရဲ့အဖြေကတော့ အခုပေါ်ပေါက်လာတဲ့ ကမ္ဘာနှစ်ခြမ်းကွဲ Decoupling အားပြိုင်မှုမှာ ဘယ်သူနိုင်သွားမလဲဆိုတဲ့အပေါ် အများကြီးမူတည်နေလိမ့်မယ်လို့ သုံးသပ်ရပါတယ်။

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses 2nd work coordination meeting of Central Census Commission


Vice-Senior General Soe Win delivers address at the meeting.

**Nay Pyi Taw August 22**

The Central Census Commission held the second work coordination meeting on 2024 population and housing census at the Ministry of Immigration and Population here this afternoon, attended by Patron of the commission Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were Chairman of the commission Union Minister for I&P U Myint Kyaing, commission member deputy ministers, Nay Pyi Taw Council member and officials. Chief ministers of regions and states attended the meeting through video conferencing.

The Vice-Senior General said the first meeting was held on 20 January 2023, during which characteristics of census, history of previous censuses in Myanmar, aims and benefits of censuses, preparations for 2024 population and housing census, current ongoing preparatory measures, and adopted 19 resolutions. Five resolutions are still under implementation stage and the other 14 were completed. SAC reestablished the central commission on 25 February 2023 under Notification No 75/2023 for the success of the entire census collection project.

The commission must steer the work in accord with the policy, approve detailed programs and directives submitted by the relevant bodies, coordinate with ministries, region/state governments, and look into the requirements in forming census committees at different levels and for the success of the census. Because of its extensive work volume, majority of world countries usually conduct a census every ten years. Hence, Myanmar must conduct another census after a period of ten years in 2024. Census must be conducted even in the smallest administrative areas to have a correct and accurate population and economic indicators to help strengthen the foundation of genuine and disciplined multiparty democracy and Union system based on democracy and federalism. Hence a population and housing census will be carried out in the whole country during the period from 1 to 15 October 2024. A trail census will be conducted in 100 designated areas in 20 townships in October this year as a preparation for the success of the coming census and to identify possible difficulties.

MoIP is playing the main role in taking preparatory measures for the success of the population and housing census, and the relevant ministries, organizations and region/state governments should lend a helping hand in the task through collective efforts. SAC will give guidance and approval for important issues submitted by the relevant ministries in connection with census in time. During his meeting with members of Rakhine State government and state level departmental officials on 31 March 2023, the SAC Chairman Prime Minister urged ministries to cooperate in preparations for census, and field surveys. Officials should closely monitor and supervise the work of setting up census units in regions and states and conducting the trail census successfully according to schedule.

The Ministry of Immigration and Population successfully enumerated census and household registration in 2014 and has experiences on collection of interim population in 2019. Now, the ministry is making preparations for collection of census and household registration to be enumerated in 2024.

The country could have techniques and monetary assistance from the international organizations for enumeration of past census. But, the forthcoming census 2024 must be done through the collaborative efforts of government departments and organizations as well as public participation, and the State budget will be spent on the process.

It is necessary to emphasize correct data and quality, meeting international set standards, necessary index and socioeconomic data for enumeration of the census. As the census is concerned with all, relevant ministries have to efficiently share necessary resources and technologies for the census process.

Enumerating the census needs to spend a lot of resources including time, monetary affairs and man power. As such, the results of census must be useful for the State, and all have to strive for accomplishment of the census process as a national duty.

The Vice-Senior General pointed out that the census process would face various challenges and security measures as well as other unexpected difficulties. Hence, preparations must be made for successfully overcoming possible challenges and difficulties and solve them.

Census process is a national concern, and result from the census enumeration is important for the State. Only when people correctly answer the questions, will the data be good. So, media sector plays a key role for raising the awareness for the people. So, news agencies and social media must be applied on a wider scale for raising the public awareness about census including songs, articles and video clips.

The census and household registration enumeration in 2024 will be implemented on a self-reliant basis by spending the state budget through the collaborative efforts of ministries. They all have to cooperate with each other in collecting the firm and exact data like the past census. As such, it will be a milestone for the country in successfully enumeration of the census amid the challenges.

Chairman of the Central Census Commission Union Minister U Myint Kyaing reported on preparations to enumerate the test census before the primary census, formation of the supervisory committees in regions and states, plans to form the district, township, ward and village-tract census committees, preparations to conduct the training courses on census, raising the public awareness for census, and cooperation of relevant ministries and organizations for successfully collection of census across the nation.

Secretaries and member deputy ministers of the central census commission and region and state chief ministers who are chairmen of region and state census supervisory committees discussed work process for successful collection of census and household registration in 2024, and plans of relevant ministries for their cooperation in the process.

Meeting attendees also participated in the discussions on collection of the census.

The Vice-Senior General coordinated the reports and gave a concluding remark.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 45,000 private industries registered till July this fiscal year


A private industry in operation.

**Nay Pyi Taw August 22**

More than 45,000 private industries had been registered till the end of July in the current 2023-2024 fiscal year, according to the Ministry of Industry.

As more and more businesses emerge in Myanmar, there have also been more domestic private industries. Therefore, the Industrial Supervision and Inspection Department under the ministry is granting registrations and rendering assistance for greater development of those industries and for their systematic management and operations.

There were only 43,211 registered industries in 2011-2022, and the number had increased to 45,723 in July this fiscal, seeing an additional 2,512.

Yangon Region has the largest number of private industries with 7,393, followed by Mandalay Region with 6,361 and Ayeyawady Region with 5,342. Moreover, there are 2,037 private industries in Kachin State, 268 in Kayah State, 1,203 in Kayin State, 703 in Chin State, 4,811 in Sagaing Region, 1,983 in Taninthayi Region, 3,739 in Bago Region, 2,941 in Magway Region, 2,435 in Mon State, 1,271 in Rakhine State, 4,539 in Shan State and 670 in Nay Pyi Taw Council Area.

336

# Greece wildfires: Eighteen bodies found in Greek forest

**Athens August 22**

Eighteen bodies have been found in a forested area of northern Greece hit by wildfires for the past four days, the Greek fire service says.

Initial reports suggest those who died may have been migrants. A coroner and investigation team are heading to the scene in the Dadia forest.

The Evros region of north-eastern Greece, not far from the Turkish border, has been ravaged by fires.

A hospital in the city of Alexandroupolis had to be evacuated.

Newborn babies and intensive care patients were among those moved overnight to a ferry at the port.

An earlier death, also believed to have been of a migrant, had been reported in a village close to the coastal city and emergency services had sent mobile text messages to the surrounding areas asking people to leave.

The Dadia national park is a large wooded area to the north of Alexandroupolis, and fires are thought to have spread rapidly there since Monday.

The 18 bodies were found on Tuesday near a hut outside the village of Avantas, reports said, when the fire brigade inspected the charred remains of a building.

BBC

# Loans disbursed to farmers in seven townships to purchase agricultural machinery

**Mandalay August 22**

Myanmar Agricultural Development Bank in Mandalay Region issues JICA two-step loans to farmers from seven townships of Mandalay Region this financial year to purchase agricultural machinery, said region bank manager U Soe Ko Ko Win.

MADB and JICA jointly disburse loans to farmers to transform the manual to the mechanized farming. So far, the bank has delivered loans to three farmers from two townships to purchase three agricultural machinery items such as tractors, combine harvesters and others, and it has a plan to disburse loans to farmers from other townships.

"This loan will help local farmers to transform the manual to the mechanized farming on one hand. If so, they will have to enjoy improved socioeconomic life. The loan was issued at soft interest rate. The bank allows disbursement of K70 million in maximum for farmers. At present, we have issued the loans to farmers to purchase two tractors and one combined harvester," said the region manager.

Thanks to purchase of agricultural machinery, local farmers can operate farming works in a short time and control loss and waste in cultivation. Moreover, these agricultural machinery will ease shortage of farming workers.

The region bank plans to disburse loans to farmers from Singu, Singaing, Kyaukse, Wundwin, Myittha, Yamethin and Pyawbwe townships.

185


Tractors being used on a farm.

# South China Sea: Philippines resupplies Spratlys shoal troops

**Manila August 22**

The Philippines says it has delivered fresh supplies to a remote outpost it claims in the South China Sea.

Manila says Beijing's attempts to "block, harass, and interfere with the supply mission" were unsuccessful.

Chinese ships fired water cannon at a Philippine supply mission to the Second Thomas Shoal in the disputed Spratly Islands two weeks before, stopping it from reaching the Filipino troops.

Manila enforces its claim using a decrepit navy ship with a few troops.

China's embassy in Manila did not immediately reply to a request for comment.

Beijing claims almost the entire South China Sea, including the Spratlys, which is also claimed in part by the Philippines.

The sea is a rich fishing ground that is believed to hold vast oil and gas reserves.

Supply missions to the shoal have been a frequent source of friction between the two claimants.

Vietnam, Malaysia, Brunei and Taiwan also claim parts of the sea, where an estimated $3.37tn or 21% of global trade pass through every year.

Two ships carrying supplies, escorted by two coast guard ships, delivered fresh provisions to Second Thomas Shoal on 22 August, the Philippines' National Task Force on the West Philippine Sea said in a statement.

BBC


Troops on a Philippine outpost in the disputed South China Sea have received fresh supplies.

# Over 900 tons of medicines and medical equipment imported in July this fiscal year

**Nay Pyi Taw August 22**

Myanmar imported more than 900 tons of medicines and medical equipment in July of the 2023-2024 financial year, according to the Ministry of Commerce.

Despite the production of medicines and medical equipment in the country, they still have to be imported for domestic needs. The ministry is also granting import licenses for the medicines and medical equipment that are not on the negative list.

Licenses are being issued in accord with the procedures adopted by the Food and Drug Administration Department (FDA) under the Ministry of Health and Sports.

In July this year, over 900 tons of medicines and medical equipment worth US$22.981 million were imported via maritime trade routes. They were imported from various countries such as Belgium, Switzerland, Australia, Brazil, Cina, Germany, India, Indonesia, Italy, Japan, South Korea, the United States, Spain, Singapore, and Vietnam.

In June, over 1,900 tons of medicines and medical equipment worth about US$34 million were imported, exceeding over 1,000 tons.

The Ministry of Commerce is also taking measures for smooth importation of Covid-19 related medicines and vaccines without delays via maritime and border trade routes. Notices about import of medicines and medical equipment are on the website: commerce.gov.mm.

336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံမှ F-16 တိုက်လေယာဉ်များ ယူကရိန်းသို့ လွှဲပြောင်းပေးအပ်ရန် အမေရိကန်ခွင့်ပြု




ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံတို့သည် ၎င်းတို့ပိုင် F-16 တိုက်လေယာဉ်များ ယူကရိန်းသို့ လွှဲပြောင်းပေးအပ်ရန် အမေရိကန် ခွင့်ပြုထားကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

F-16 တိုက်လေယာဉ်တွင် ယူကရိန်း လေယာဉ်မှူးများ လေ့ကျင့်ပေးမည့် အစီအစဉ်ကို ဦးဆောင်နေသည့် ဒိန်းမတ်နှင့် နယ်သာလန် နှစ်နိုင်ငံစလုံးသည် ဂျက်လေယာဉ်လွှဲပြောင်း၏မှုအတွက် တရားဝင် အာမခံချက်ပေးထားကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ဒီနည်းနဲ့ ယူကရိန်း လေယာဉ်မှူး တွေဟာ သူတို့ရဲ့လေ့ကျင့်မှုပြီးတာနဲ့ သူ့ရဲ့ စွမ်းဆောင်ရည်အသစ်တွေကို အပြည့်အဝ အသုံးချလာနိုင်တော့မှာပါ"ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် မဟာမိတ်နိုင်ငံများက အမေရိကန်ထုတ် စစ်လက်နက်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအပေါ် တင်းတင်းကျပ်ကျပ် တားမြစ်ထားသည်။

ပထမဆုံး သင်တန်းတက်ရောက်ပြီးမည့် ယူကရိန်း လေယာဉ်မှူးများသည် F-16 တိုက်လေယာဉ်များ ပျံသန်းရန် အဆင်သင့်မဖြစ်မီ အချိန်မည်မျှကြာမည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ နိုင်ငံပေါင်း ၁၁ နိုင်ငံ ညွန့်ပေါင်းအဖွဲ့မှ လေ့ကျင့်သင်တန်းများပေးခြင်းကို ယခုလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အစောပိုင်းတွင် လေယာဉ်မှူးများကို တိုက်ပွဲဝင် မောင်းနှင်ပျံသန်းနိုင်ရန် အဆင်သင့်ဖြစ်နေနိုင်ရေး မျှော်လင့်ထားကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Oleksii Reznikov က အမေရိကန်နိုင်ငံရှိ ကျွန်ုပ်တို့၏မိတ်ဆွေများထံမှ သတင်းကောင်းဟု ချီးကျူးပြောဆိုခဲ့သည်။

နယ်သာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Kajsa Ollongren ကလည်း ၎င်းခွင့်ပြုသည့် လုပ်ရပ်အပေါ် ကြိုဆိုခဲ့သည်။

"ယူကရိန်းလေယာဉ်မှူးတွေရဲ့ လေ့ကျင့်မှုနဲ့အတူ ဟန်ချက်ညီထွက်ပေါ်လာတာဖြစ်ပါတယ်"ဟု Kajsa Ollongren က လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။

သို့သော် ANP သတင်းအေဂျင်စီ၏ အဆိုအရ အရာရာတိုင်းသည် အချိန်ယူသည်ဟု၎င်းက ဆက်လက်ပြောကြားသည်။

F-16 ပရိုဂရမ်သည် ဆိုဗီယက်ခေတ်ထုတ် လေယာဉ်အများစုပိုင်ဆိုင်ထားသည့် လေတပ်၏ ဆုံးရှုံးမှုကြီးကြီးမားမားအပေါ် အစားထိုးဖြည့်တင်းနိုင်ရန် ယူကရိန်း၏ တောင်းဆိုမှုများကို တုံ့ပြန်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံထုတ် ဂျက်လေယာဉ်များထက် တိုက်ခိုက်ရေးစွမ်းရည် ပိုမိုကောင်းမွန်သော်လည်း လေယာဉ်မှူးများအတွက် လေ့ကျင့်မှုပိုမိုလိုအပ်သည်။ ယူကရိန်းနိုင်ငံသည် ယခင်နှစ်ကတည်းက အမေရိကန်ထုတ် ဂျက်လေယာဉ်များ ရရှိနိုင်ရန် ပြင်းပြင်းထန်ထန် တွန်းအားပေးခဲ့သော်လည်း မကြာသေးမီလများအတွင်း အမေရိကန်က တတိယနိုင်ငံအပေါ် ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခွင့် သဘောတူညီမှုသာ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

၎င်းတို့အနေဖြင့် ရုရှားတပ်များကို မောင်းထုတ်ရန် မျှော်လင့်ထားသည့် တောင်ပိုင်းစစ်မျက်နှာတွင် တန်ပြန်ထိုးစစ်ဆင်ရန် မြေပြင်စစ်ဆင်ရေးများလုပ်ဆောင်နိုင်ရေးအတွက် ဒါဇင်နှင့်ချီသောတိုက်လေယာဉ်များကိုအလိုရှိနေကြောင်း ယူကရိန်း အကြီးတန်း အရာရှိတစ်ဦးက ဇူလိုင်လတွင် ပြောကြားခဲ့သည်။

"အထူးသဖြင့် ရှေ့တန်းစစ်မျက်နှာဒေသတွေမှာ ကောင်းကင်ယံကို စိုးမိုးထားနိုင်ဖို့ F-16 တိုက်လေယာဉ်အစင်း ၆၀ ကနေ အစင်း ၈၀ ထိ လိုအပ်ပါတယ်"ဟု ယူကရိန်းသမ္မတဇီလန်စကီး၏ အကြီးတန်းလက်ထောက်တစ်ဦးဖြစ်သူ Mykhailo Podolyak က ပြောကြားခဲ့သည်။

F-16 တိုက်လေယာဉ်များ ပေးပို့ခြင်းသည် ယူကရိန်းကို ရေရှည်တွင်ကူညီလာကြမည်ဖြစ်သော်လည်း ယူကရိန်းစစ်ဘက်၏ ဇွန်လတွင် စတင်ခဲ့သည့် တန်ပြန်ထိုးစစ်ဆင်မှုများသည် ယခုအချိန်ထိ အကန့်အသတ်ဖြင့် ရလဒ်များထွက်ပေါ်နေကာ တိုက်လေယာဉ်များပေးပို့ခြင်းဖြင့် စစ်ဆင်ရေးများအတွက် လျင်မြန်စွာအကျိုးအမြတ်ရရှိနိုင်လိမ့်ဦးမည်မဟုတ်ပေ။

**US Approves Transfer of Dutch, Danish F-16s to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ထံမှ တာဝေးပစ် Tomahawk ခရုဇ်ဒုံးကျည် အစင်း ၂၀၀ ဩစတြေးလျဝယ်ယူ

ဩစတြေးလျနိုင်ငံသည် ၎င်း၏ တာဝေးပစ် တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် ဩစတြေးလျဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၃၃ သန်း) သုံးစွဲမည်ဖြစ်ပြီး အမေရိကန်ထံမှ Tomahawk ခရုဇ်ဒုံးကျည်အစင်း ၂၀၀ ဝယ်ယူခဲ့ကြောင်း www.news 18.com သတင်းဌာနက ဩဂုတ် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်တို့နှင့်အတူ Tomahawks ခရုဇ်ဒုံးကျည်ပိုင်ဆိုင်ထားသည့် တတိယမြောက်နိုင်ငံ ဖြစ်လာလိမ့်မည်ဟု ဩစတြေးလျ ကာကွယ်ရေးဝန်ကြီး Richard Marles က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့ ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် ကမ်းခြေကိုချဉ်းကပ်လာနိုင်သည့် ရန်များကင်းဝေးစေရန်နှင့် ယနေ့ခေတ် ရှုပ်ထွေးနက်နဲပြီး မသေချာမရေရာသော ကမ္ဘာတွင် ဩစတြေးလျနိုင်ငံသူ၊ နိုင်ငံသားများကို ဘေးကင်းစေရန်အတွက် လိုအပ်မည့်စွမ်းရည်များတွင် ရင်းနှီးမြှုပ်နှံလုပ်ဆောင်လျက်ရှိကြောင်း Marles က ပြောကြားသည်။

ကီလိုမီတာ ၁၅၀၀ (၉၃၂ မိုင်) အကွာအဝေးထိ တိုက်ခိုက်နိုင်စွမ်းရှိသော Tomahawks ခရုဇ်ဒုံးကျည်များကိုရောင်းချရန် မတ်လတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့သော်လည်း စာချုပ်လက်မှတ် ရေးထိုးပြီးသည့်အချိန် သို့မဟုတ် ဆွေးနွေးမှုများအပြီးသတ် လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ဖော်ပြထားခြင်းမျိုး မရှိသေးပေ။

အမေရိကန်နိုင်ငံ RTX ကော်ပိုရေးရှင်းကထုတ်လုပ်သည့် သင်္ဘောမှပစ်လွှတ်နိုင်သည့် ဒုံးကျည်တားရှင်းကို တော်ဝင်ဩစတြေးလျရေတပ်၏ Hobart အတန်းအစားဖျက်သင်္ဘောများတွင် ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း Marles က ပြောကြားသည်။

တရုတ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် အကြီးမားဆုံးစစ်ရေးအင်အားတည်ဆောက်မှုကို လုပ်ဆောင်နေသောကြောင့် ၎င်း၏ကာကွယ်ရေးတပ်ဖွဲ့များကို အဆင့်မြှင့်တင်ရန် လိုအပ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်ကိုဖွဲ့စည်းသွားနိုင်ရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီခဲ့ကြသည်။

ဩစတြေးလျနိုင်ငံသည် Tomahawks ခရုဇ်ဒုံးကျည်များအပြင် အမေရိကန်ထံမှ အဆင့်မြင့် ရေဒါဖျက်ပဲ့ထိန်းဒုံးကျည်




၆၀ ကျော်ကိုဝယ်ယူရန် ဩစတြေးလျဒေါ်လာ ၄၃၁ သန်းသုံးစွဲမည်ဟု ကာကွယ်ရေးဝန်ကြီး Marles က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် တာဝေးပစ်တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များကို ဩစတြေးလျကြည်းတပ်သုံး Boxer တိုက်ခိုက်ရေးကင်းထောက်ယာဉ်များအတွက် ဩစတြေးလျဒေါ်လာ သန်း ၅၀ ကျော် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Tomahawk ခရုဇ်ဒုံးကျည်သည် ဩစတြေးလျနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၉၇၅ သန်းဖြင့် M142 High Mobility Artillery Rocket Systems (HIMA-RS) ကိုရောင်းချရန် အမေရိကန်က အတည်ပြုခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

**Australia to Buy 200 Long-Range Tomahawk Cruise Missiles from US ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ ဆီထွက်သီးနံ့ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ ဆီထွက်သီးနံ့ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ ဆီထွက်သီးနံ့ ၄၁၀၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လက်ရှိတွင် လျာထားဧကထက် ၇၁၈၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနံ့စိုက်ပျိုးရာသီမှာ ဆီထွက်သီးနံ့ ၄၁၀၃၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ အခုဆီထွက်သီးနံ့ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနံ့စိုက်ပျိုးမှုအနေနဲ့ကတော့ လက်ရှိမှာ လျာထားဧကထက် ၇၁၈၉ ဧက ပိုမိုစိုက်နိုင်ခဲ့တယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနံ့တိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

သီးနံ့အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၄၇၄၄၂ ဧက၊ နေကြာ ၇၈၁ ဧက စုစုပေါင်း ၄၈၂၂၃ ဧကဖြစ်ကြောင်း၊ သီးနံ့အလိုက်လျာထားဧကအနေဖြင့် မြေပဲ ၄၀၂၄၄ ဧက၊ နေကြာဧက ၇၉၀ စုစုပေါင်း ၄၁၀၃၄ ဧကဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနံ့များ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနံ့များကိုစိုက်ပျိုးရန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခင်နှစ် ဆောင်းသီးနံ့စိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနံ့ ၅၀၈၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနံ့ ၄၇၂၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဇန်းမော်မြို့နယ် စီအင်ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဇန်းမော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် စီအင်ရွာသစ်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဇော်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် စီအင်ရွာသစ်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဇန်းမော်မြို့နယ် စီအင်ရွာသစ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဘက်စုံသုံးခန်းမကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကြာအင်းဆိပ်ကြီးမြို့နယ် အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဝင်ကျေးရွာဖြစ်သည့် ကြခတ်ချောင်းကျေးရွာအုပ်စု အုန်းတပင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကြခတ်ချောင်းကျေးရွာအုပ်စု အုန်းတပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၈ သန်း စုစုပေါင်း အသင်းအသား၊ အသင်းသူ ၄၂ ဦးကို ငွေကျပ် ၂၂ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၈-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဇိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၁၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# သီတဂူဆရာတော်ကြီးထံ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သွားရောက်ဖူးမြော်ကြည်ညို၍ ဩဝါဒခံယူ

**စစ်ကိုင်း ဩဂုတ် ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရိပ်သာ၌ နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမဓရှေကျင် သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒခံယူသည်။



ထိုသို့ ဖူးမြော်ကြည်ညိုစဉ် သီတဂူဆရာတော်ကြီးက ကမ္ဘာတွင် ထေရဝါဒဗုဒ္ဓဘာသာ၏ဇာတိချက်မပြစ်စေရန်၊ မြန်မာနိုင်ငံတွင် World Buddhist Conference ကမ္ဘာ့ဗုဒ္ဓညီလာခံကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ သာသနာနှစ် ၂၄၁၅ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ပဉ္စမသင်္ဂါယနာတင်နိုင်ခဲ့ပြီး ကျောက်စာချပ် ၇၂၉ ချပ်ဖြင့် ကမ္ဘာတည်သရွေ့ မပျက်ပြယ်သည့် ကျောက်ထက်အက္ခရာ တင်နိုင်ခဲ့ပါကြောင်း၊ သာသနာတော်နှစ် ၂၄၉၈ ခုနှစ် သမ္မတ ဦးဘဦးနှင့် ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ဘုရားဟော ပိဋကတ်တော်များကို ပုံနှိပ်မှတ်တမ်းတင်၍ ဆဋ္ဌသင်္ဂါယနာတင်နိုင်ခဲ့ကြောင်း၊ သာသနာနှစ် ၂၅၆၇ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်ထက်တွင် ပိဋကသုံးပုံ ဆဋ္ဌသင်္ဂါယနာမူ ပါဠိတော်ကို ပါဠိ- ရိုမန် နှစ်ဘာသာရေးထိုး၍ ကျောက်စာချပ်ရေ ၇၂၀ ဖြင့် ကမ္ဘာတည်သရွေ့မပျက်စီးနိုင်သော ကျောက်ထက်အက္ခရာတင်နိုင်ခဲ့သည့် ကမ္ဘာ့သမိုင်းမှတ်တမ်းထူနိုင်ခဲ့ကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို Preservation, Promotion, Propagation တည်တံ့မြင့်တင်၊ ပြန့်ပွားအောင် စသည့်အချက်သုံးချက်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုအပ်ကြောင်း မိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သီတဂူဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာအကယ်ဒမီရိပ်သာအတွင်းရှိ အဘိဓမ္မစေတီတော်အတွင်း တည်ထားကိုးကွယ်တော်မူသော နှစ်ကိုးပ်ရှစ်ဆူကျောက်ဆင်းတုတော်များ၊ ပြည်ပနိုင်ငံအသီးသီးမှ စေတီပုထိုးပုံစံများအတိုင်း တည်ထားပူဇော်ထားသောစေတီပုထိုးများ၊ စစ်ကိုင်းရာဇမဏိစူဠာကောင်းမှုတော်ဘုရားနှင့် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့အား လှည့်လည်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကဏ္ဍတွင် IOM က မြန်မာပြည်သူများအတွက် အကူအညီပေးအပ်မှုများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ကို လက်ခံတွေ့ဆုံစဉ်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကဏ္ဍတွင် IOM က မြန်မာပြည်သူများအတွက် အကူအညီပေးအပ်မှုများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် IOM ဘက်မှ စီမံကိန်းမန်နေဂျာ Mr. Euan McDougall တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရာတွင် အမှန်တကယ်အကျိုးရှိထိရောက်အောင် စီမံဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မှာကြား

**နေပြည်တော် ဩဂုတ် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးမွမ်းမံသင်တန်း တက်ရောက်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းသင်တန်းသား၊ သင်တန်းသူများကို သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးခဲ့သော ဘာသာရပ်များအပေါ် ခြုံငုံသုံးသပ်၍ မိမိတို့လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချနိုင်ရေး ဆောင်ရွက်သွားရန်၊ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရာတွင် အမှန်တကယ်အကျိုးရှိထိရောက်အောင် စီမံဆောင်ရွက်သွားကြရန်၊ သင်တန်းဆင်း ကျေးရွာသူ၊ ကျေးရွာသားများကို လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်သွားကြရန်၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း သတ်မှတ်လုပ်ထုံးလုပ်နည်း၊ လက်စွဲစာစောင်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြင်ပထက်သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် "ဝန်ထမ်းသက်သာကုန်မျိုးစုံအရောင်းဆိုင်" ဖွင့်လှစ်ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျရှိစေရေး၊ စီမံကိန်းတွင် ပြောင်းလဲအသုံးပြုနေသော ဒစ်ဂျစ်တယ်နည်းပညာများဖြစ်သည့် Mobile Financial Payment စနစ် အသုံးပြုဆောင်ရွက်နိုင်ရေးနှင့် MIS စနစ် လက်တွေ့အသုံးပြုမှုများကို ကျွမ်းကျင်စွာ တတ်မြောက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၌ ကျေးလက်လမ်းများဆိုင်ရာ GIS Dashboard ဆောင်ရွက်ထားရှိမှုများ တင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေသော ဝန်ထမ်းများကို သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက GIS နည်းပညာဖြင့် လမ်းကွန်ရက်ချိတ်ဆက်မှုပြမြေပုံများ ရေးဆွဲဆောင်ရွက်နေမှုနှင့် ကျေးလက်လမ်းများဆိုင်ရာ GIS Dashboard စမ်းသပ်ဆောင်ရွက်နေမှုအခြေအနေကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက GIS နည်းပညာဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း စီမံခန့်ခွဲပေးရမည့်ကိစ္စများအပေါ် လျင်လျင်မြန်မြန် ဆုံးဖြတ်ချက်ပေးနိုင်ခြင်း၊ လမ်းရေရှည်ကောင်းမွန်ရေး သုတေသနလုပ်ငန်းများအတွက် အရေးပါခြင်းနှင့် လမ်းကွန်ရက်ချိတ်ဆက်မှုများဆောင်ရွက်ရာ၌ များစွာ ပံ့ပိုးပေးနိုင်ခြင်းတို့ကြောင့် GIS နည်းပညာကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝန်ထမ်းသက်သာဆိုင်ဖွင့်လှစ်ရောင်းချနိုင်ရေး မြေနေရာစီစဉ်ထားရှိမှု၊ ဦးစီးဌာနများစားရိပ်သာ၌ ဝန်ထမ်းများအတွက် နေ့လယ်စာချက်ပြုတ်ထားရှိမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ရေစစ်ကန့်ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်၊ ရေစက်ရုံ၊ ခြံစည်းရိုးကာရံခြင်းနှင့် ရေပိုက်လိုင်း ပေ ၃၂၂၀ သွယ်တန်းခြင်းလုပ်ငန်းများနှင့် ကျေးရွာတောင်သူ ဦးအောင်ခိုင်၏ လယ်မြေများတွင် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် GW11 မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၂**

သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ ဥပဒေရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း နှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့် အညီ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား အပြီးသတ်စိစစ် လေ့လာဆွေးနွေးကြပြီး လတ်တလော ပြဋ္ဌာန်းရန် သင့်၊ မသင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရာတွင် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် လက်ရှိအခြေ အနေများနှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်ချက်များကိုဖြည့်စွက်ရန် လိုအပ် ကြောင်းတွေ့ရသဖြင့် ပြင်ဆင်သည့်ဥပဒေ ကို လတ်တလောပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြင်ဆင်လိုသည့်ပုဒ်မများကို အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ် မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိ တို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများ ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော် သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမ ပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီး ဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ များကိုလည်းကောင်း၊ တပ်မတော်စက်ရုံများ နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ် နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသား ဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူး ဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက် ဘူး၊ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်း ဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက် ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်အရောင်းဆိုင်များ၏ စားသောက် ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ နှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူအားပေး ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက် အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင် ရှိကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်း ဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)ကထုတ်ပေးသည့်တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေး တက္ကသိုလ်**သို့ ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ် ၂၆ ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ**သို့ ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါလျှောက်လွှာလက်ခံမည့်နေရာရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထား ရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ် (မန္တလေး)
(င) ဆေးတက္ကသိုလ် (မကွေး)
(စ) ဆေးတက္ကသိုလ် (တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ကြောင်းနှင့် တက္ကသိုလ်၊ ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ပြင်ဆင်ချမှတ်ခဲ့သည့် အခြေအနေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မိုခါမုန်တိုင်းတိုက်ခတ်မှု ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည် ပြင်ဆင်ဆောင်ရွက်မှုကိစ္စရပ်များ၊ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်း ရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ Power Point Presentation များဖြင့် အကျယ် တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာလင်းအောင် ကလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင် ဝင်းကလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ကလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမင်းမင်းကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း နှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ် များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်း ဌာနမှ သတင်းထောက်များ လာရောက် သတင်းရယူခဲ့ကြကြောင်း သတင်း ရရှိသည်။

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ထွန်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ၂၀၂၂ ခုနှစ်တွင်ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင်မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော် ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ"ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော် ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေး အဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ် ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါး တွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် တစ်နှစ် တစ်လသားအရွယ်တွင် အရပ်အမြင့် သုံးပေ ၁၀ လက်မ၊ ကိုယ်လုံး လုံးပတ် ခြောက်ပေ ငါးလက်မ၊ ကိုယ်အလေးချိန် ၇၂၆ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော် ဆောင်တွင် မိခင်ဆင်မကြီးနှင့် အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး"ရဋ္ဌနန္ဒက"မှာ ငယ်စဉ် ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာ စေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား မီးရှို့ဖျက်ဆီး၊ ကူညီရေးအသင်းယာဉ်အား အဝေးထိန်းမိုင်းများဖြင့် ဖောက်ခွဲသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၂၃-၈-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံအကြမ်းဖက်သမားများရဲ့ လူသတ်၊ ဓားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါ သတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ဖြစ်ရပ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ် များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ☐ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မှ

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်နှင့်ပန်းရောင် ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ စနစ်ဟောင်း နဝမတန်း (Grade-10) အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်း တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းမရှိခဲ့သူများနှင့် စနစ်ဟောင်း ဒသမတန်း(Grade 11) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများကို ပြင်ပဖြေ အဖြစ် ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၉ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၉ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်

၇။ သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရန်ကုန်(ရုံးခွဲ)ပါရမီလမ်း ၁၂ ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့်လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေး (International Transport Summit 2023)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာ



**ရန်ကုန် ဩဂုတ် ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေး (International Transport Summit 2023)သို့ တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညပိုင်းက ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒေါက်တာ သက်ခိုင်ထွန်း (အင်ဂျင်နီယာ) ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဦးချစ်ကိုကို ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ တို့လိုက်ပါသွားကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်ထိ မော်စကို အစိုးရ ပို့ဆောင်ရေးနှင့် လမ်းပန်းဆိုင်ရာ အခြေခံ အဆောက်အအုံဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနတို့ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး မျက်မှောက်ခေတ်နိုင်ငံများ၏ မြို့တော်များတွင် လက်ရှိကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြဿနာများအတွက် ဆွေးနွေးနိုင်မည့် အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူများ တွေ့ဆုံရာစကြီန်တစ်ရပ်ဖြစ်ပေါ်လာစေရေးနှင့် ပို့ဆောင်ရေးဆိုင်ရာကဏ္ဍတွင် မြို့တော်များအကြား ဆက်ဆံရေး ပိုမိုအားကောင်းလာစေပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ ဆုံးဖြတ်ရေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂)ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော Labour Force Survey အရ မြန်မာနိုင်ငံ၏ ကလေးဦးရေ ၁၂ သန်းကျော်တွင် ကလေးအလုပ်သမား ၁ဒသမ၁သန်းကျော်ရှိ၍ ခြောက်သိန်းကျော်ခန့်သည် အသက် ၁၈ နှစ်အောက်ကလေးများဖြစ်ပြီး အန္တရာယ်ရှိသည့်အလုပ်များလုပ်ကိုင်နေရကြောင်း၊ ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းစသော သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းပဋိပက္ခကြောင့် ဆင်းရဲမှုနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများကြောင့် လူမှုစီးပွားရေးဘဝ အကျပ်အတည်းများမှတစ်ဆင့် လူငယ်လူရွယ်များသည် ပညာဆုံးခန်းတိုင်အောင် မသင်ရဘဲ ကလေးအလုပ်သမားများအဖြစ် အသုံးပြုခြင်းခံနေရသည်ကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကြုံတွေ့နေရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၃ ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို ပူးပေါင်းညှိနှိုင်းကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီဝင်များ၏ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြပြီး ဦးစားပေးနယ်မြေဖြစ်သည့် ကရင်၊ မွန်၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီစသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးတင်ပြ၍ တက်ရောက်လာသည့် အဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကွတ်ခိုင်ခရိုင်အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် လမ်းတံတားလုပ်ငန်းများဆောင်ရွက်မည်

**လားရှိုး ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးအတွက် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနောင်ထံမှ သိရသည်။

ကွတ်ခိုင်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် အခြားလမ်းတံတားလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်၂၄၄၂ ဒသမ ၆၅၃ သန်းဖြင့် လာမည့်အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းများစုဆောင်းနေကြောင်း သိရသည်။

ကွတ်ခိုင်ခရိုင်အတွင်းရှိ ကွတ်ခိုင်-ကောင်းခါးလမ်း၊ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း၊ တာမိုးညဲ-ပန်ဖတ်လမ်း၊ ကျင်းထောင်ဖုန်-မန်ရင်-တက္ကနိုင်း-လုံထန်-ရှောက်ဟော်- မန်ခိုပျဉ်-မန်ဂျယ်လမ်း၊ မုံးစီး-လွယ်ကန်လမ်း၊ မန်ဂျန်-ဆမ်ဝမ်လမ်းတို့တွင် ကတ္တရာလမ်း သစ်ခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ အမာခံလမ်းပခုံး ပြုပြင်ခြင်း၊ ကျောက်စီမြေကာပြုလုပ်ခြင်း၊ ကတ္တရာပီပါခွဲဖြင့် မျောတုတ်ရိုက်ခြင်း၊ Box Culver အတည်ဆောက်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး (မြို့ပြ)ဦးရဲနောင် ထံမှသိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဩဂုတ် ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၀၀၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ဝ၆ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# သက်တော်ရာကျော်ရှည်ပါစေ

ယဉ်ယဉ်(ရွှေခယ်မြေ)

(၁)

"သီသီရေ ငါရေချိုးအိုးတည်ထားခဲ့တယ်နော်။ ဆူရင် ဓာတ်ဘူးထဲထည့်ထားအုံး။ ဒီနေ့ဈေးက ငါ့ရဲ့ ခေါင်းဝယ်မယ်စိတ်ကူးထားတယ်။ ငရုတ်သီးထောင်းရင် စပါးလင်လေးပါထည့်ထောင်းထား။ အိမ်နောက်ဘက်က စပါးလင်ကိုလဲ လိုသလောက်ပဲဖြတ်နော်။ အလွယ်တကူဆွဲမနုတ်နဲ့အုံး။ အမြစ်ကနေအုံလိုက်ကျွတ်နေမယ်"

အိမ်ဝထွက် ဆိုက်ကားငှားဖို့ရပ်တော့မှ အထဲက သမီးကို အော်ကြီးဟစ်ကျယ်သတိပေးနေတဲ့ ဒေါ်ရွှေခင်။ အိမ်က မျက်နှာချင်းဆိုင်မလို့ မမြင်ချင်၊ မကြားချင်လဲမရ။ တစ်နေ့တစ်နေ့ သူ့အသံက အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် အတိုင်းသားကြားရတယ်။ ခပ်အေးအေးနေကြသူများတဲ့လမ်းလေးထဲ ဒေါ်ရွှေခင်တို့မိသားစုပြောင်းလာမှ ဆူညံသံက မနက်၊ နေ့လယ်၊ ည တစ်မျိုးစီမရိုးစေရ။ ယောက်ျားကတော့ ပင်စင်စားဖြစ်ပြီး သမီးနှစ်ယောက်နဲ့။ သမီးတစ်ယောက်ကတော့ သင်္ဘောသားနဲ့ရတယ်ဆိုပြီး ရပ်ကွက်ထဲကြွားနေတာ ပြန်ကြားရတယ်။ တကယ်တော့ မြန်မာနိုင်ငံထဲမှာတင် လိုက်ရတဲ့ကမ်းရိုးတန်းသင်္ဘောသားကို အကြွားပိုတာလို့လဲ သူများပြောသံကြားမိပြန်တယ်။ တစ်ယောက်ကတော့ ပုဂ္ဂလိကအပေါင်ဆိုင်တစ်ခုမှာ အလုပ်လုပ်တယ်။ လမ်းထဲ မနေ့တစ်နေ့ကမှပြောင်းလာကြတယ်ဆိုပေမဲ့ သူ့ရပ်သူ့ရွာလို သူ့အသံက တစီစီ။ နယ်မြို့လေးတစ်မြို့ရဲ့ ဆိတ်ငြိမ်လမ်းလေးထဲ ဒေါ်ရွှေခင်ပြောင်းလာမှ မနက်မိုးလင်းတာနဲ့ ဩကာသကန်တော့ချိုးက ခုနစ်အိမ်ကျော်၊ ရှစ်အိမ်ကြားရတယ်။ အသံကတော့ အတော်အောင်တယ်။

(၂)

တကယ်ဆို ခင်ငြိမ်းချမ်းတို့လမ်းထဲမှာ အများစုက စပ်စပ်စုစု သူများအကြောင်း၊ ကိုယ့်အကြောင်း သိပ်စိတ်မဝင်စား၊ သိလဲမသိ။ ဒေါ်ရွှေခင်ကတော့ အိမ်တက်ပွဲအကြောင်းပြပြီး လမ်းထဲကအိမ်တွေကို တစ်အိမ်တက်ဆင်း ကလေးလူကြီးမကျန်လာခဲ့ဖို့ဖိတ်တယ်။ ဒီလိုနဲ့ မကြာခင်မှာပဲ အိမ်တက်အကြောင်းပြုပြီး အားလုံးနဲ့ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားတာလဲမြန်လှတယ်။ ရောက်တာမကြာသေးပေမဲ့ ဟိုအိမ်က သတင်း၊ ဒီအိမ်ကသတင်း သူ့အကုန်သိ၊ အားပြီဆိုတာနဲ့ လက်ဖက်တစ်ပွဲပြင် ညော်သည်ခေါ်။ ဟိုလူရေ လာလည်အုံး၊ ဒီလူရေ လာလည်အုံးနဲ့ အိမ်ထဲကနေ လမ်းပေါ်မှာဖြတ်သွားသမျှ မလွတ်စေရ။ မသိတသိတွေလဲ ငယ်ပေါင်းကြီးဖော်လို အတင်းခေါ်၊ အတင်းပေါင်းနဲ့။ ရပ်ကွက်ထဲပြောင်းတာသာ မကြာသေးပေမဲ့ သူ့အသိတွေကတော့ ပေါလှတယ်။ အိမ်ကလဲ လမ်းဘေးတင်ကပ်ဆောက်ထားတဲ့ နှစ်ထပ်အိမ်လေးဖြစ်တာကြောင့် အိမ်ထဲမှာထိုင်ကြည့်ရင်းနဲ့ လမ်းမှာဖြတ်သွားဖြတ်လာမှန်သမျှ မြင်နေရတယ်။ အစပိုင်းဘာသိဘာသာနေကြပေမဲ့ တဖြည်းဖြည်းကြာလာတော့ ခင်ငြိမ်းချမ်းတို့ပတ်လည်က အိမ်နီးချင်းတွေလဲ ဒေါ်ရွှေခင်ရဲ့ကွန်ရက်ထဲက ရုန်းမထွက်သာကြတော့။ ခင်ငြိမ်းချမ်းကတော့ ကိုယ့်အိမ်အလုပ်နဲ့ကိုယ် အားတယ်မရှိသလောက်။ အားချိန်မှာလဲ စာအုပ်ဖတ်ချင်ဖတ်၊ မဖတ်ချင် တရားခွေလေးဖွင့်တရားနာနေကျ။ သူများအိမ်လည်တာ ဝါသနာမပါ။ ဒါပေမဲ့ ဒေါ်ရွှေခင်ကတော့ ဘယ်သူ့မှအလွတ်မပေး။ တစ်ခါတလေ ဟင်းလေးပို့တာအကြောင်းပြ အိမ်ရောက်ချလာပြီး စပ်စုတတ်တယ်။ အသားညိုညို အတော်အသင့်အရပ်အမောင်းနဲ့ ခန္ဓာကိုယ်ကတော့ ဝတဲ့ဘက်ကိုရောက်နေပေမဲ့ အသက် ၆၀ ကျော်လို့မထင်ရအောင် လူကဖလန်းဖလန်းထ။ လှချင်ပချင်၊ ကြွားချင်ဝါချင်တာကလဲ သူ့ဗီဇ။ သူများတွေ ဘယ်လိုထင်ထင်၊ ဘယ်လိုမြင်မြင် တစ်ဆိတ်ကိုတော့ တစ်အိတ်လုပ်ကြွားလိုက်ရတာ သူ့ဝသီ။

(၃)

နောက်တော့လဲ လမ်းထဲကလူတွေက သူ့ဝသီကို သဘောပေါက်လာကြတယ်။ ဒေါ်ရွှေမိစကား ငါးနဲ့စား အကြွင်းသုညရလတ္တံ့ဆိုပြီး ကွယ်ရာမှာ ရယ်စရာအဖြစ်ပြောကြတယ်။ တစ်ရပ်ကွက်လုံး ဒေါ်ရွှေခင်နာမည်ပျောက် နေရာတကာစပ်စုလွန်း၊ ပါတတ်လွန်းလို့ ဒေါ်ရွှေမိပဲခေါ်ကြတော့တယ်။ အနီးအနား ဘယ်အိမ်ဖြစ်ဖြစ် အလှူဟော့ဆိုတာနဲ့ လုပ်နိုင်တာ၊ မလုပ်နိုင်တာထား။ သူရှေ့ကသွားပြီး တောက်တိုမည်ရလေးတွေကူရင်း တမေ့တမြော တစ်နေကုန်လေကန်စရာအကွက်ရပြီပဲ။ ခင်ငြိမ်းချမ်းထက် အသက် ၁၀ နှစ်ကျော်ကြီးပေမဲ့ အများခေါ်သလို ညီမရေ၊ ခင်ရေ၊ ငြိမ်းရေ စသဖြင့်မခေါ်။ ခင်ငြိမ်းချမ်းမကြိုက်တဲ့ အပျိုကြီးဆိုတဲ့ဝေါဟာရကိုသာ တွင်တွင်ခေါ်တတ်တယ်။ ဒါကြောင့် ခင်ငြိမ်းချမ်း သူ့ကို ပိုလို့ကြည့်မရ။ ထုတ်ပြောလို့လဲမဖြစ်။ အပျိုကြီးမို့ အပျိုကြီးခေါ်တာဆိုတော့ အောင့်သက်သက်နဲ့ လက်ခံထူးရပြန်တယ်။

(၄)

"အပျိုကြီး ရှင်ဝတ်ထားတဲ့ပါတိတ်လေးကလှတယ်နော်။ ဒီမှာလေ ကျွန်မဝတ်ထားတာက ကျွန်မသမီး ကန်တော့တာ သုံးသောင်းခွဲဆိုလား။ ကျွန်မက ပါတိတ်တွေမကြိုက်တတ်ပါဘူး။ သမီးပဲဝတ်ပါပြောတာမရဘူး။ သမီးက အဲဒီလို ကျွန်မကို သိပ်ချစ်တာ"

သူ့သမီးကိုလဲ အမွှမ်းတင်ရင်း၊ ပါတိတ်လဲကြွားရင်း စကားခင်းတာ။ အမှန်က ခင်ငြိမ်းချမ်းဝတ်ထားတဲ့ ပါတိတ်က အိမ်နေရင်းတစ်ပတ်နွမ်း။ ဒါပေမဲ့ သူဝတ်ထားတဲ့ သုံးသောင်းခွဲတန်ပါတိတ်အသစ်ကို ကြွားချင်တာနဲ့ စကားစပြီး မနားတမ်းတောက်လျှောက်ဆက်ကြွားတော့တာ။ ကြွားချင်ပြီဆိုရင်တော့ စကားဆက်ဆက်၊ မဆက်ဆက် တမင်တကာရှာကြံဆက်ပြီးကြွားတတ်သူ။ ခက်တာက သူများတွေဘယ်လိုထင်ထင် သူပြောချင်တာသာ ဇွတ်အတင်းပြောတတ်တာမျိုး။ မျက်နှာရိပ်မျက်နှာကဲလဲ မခတ်တတ်တာလား၊ စိတ်ပဲမဝင်စားတာလားမသိ။ သူလုပ်ချင် ပြောချင်ပြီဆို နားထောင်သူရှိရှိ၊ မရှိရှိ အားနာရမှန်းမသိ ပြောချင်တာပြောနေတတ်တာမျိုး။ ခင်ငြိမ်းချမ်းကတော့ သူ့စရိုက်နဲ့ ဗီဇကိုမကြိုက်လှ။ ယဉ်ကျေးမှုမရှိဘူးလို့လဲ စိတ်ကထင်တယ်။ ဒါကြောင့် အိမ်က မျက်နှာချင်းဆိုင်ဆိုပေမဲ့ ခပ်တန်းတန်းပဲနေတယ်။

(၅)

တစ်ခုချီးမွမ်းစရာကောင်းတာက အလှူအတန်းတော့ မကြာခဏလုပ်တယ်။ ဝါဆိုကာလဆိုရင် ဝါဆိုအလှူ။ အဲဒီအချိန်မျိုးလာဖိတ်လို့ မကောင်းတတ်ကောင်းတတ်သွားပြန်တော့လဲ ဝတ်စားထားတာခြေဆုံးခေါင်းဆုံးကြည့်ပြီး-

"အပျိုကြီး ရှင်ဝတ်ထားတဲ့ လက်ကောက်လေးကိုင်ကြည့်လို့ရမလားဟင်"

မေးလဲမေး လက်ကလဲ ဖတ်ခနဲကိုင်လိုက်တာမျိုး။

"အမယ်လေး. . . လက်ကောက်က လေးသားနော်။ ကျွန်မက သေးသေးဆိုတော့ အချိန်မရှိဘူးထင်နေတာ"

သူ့ဘာသာလက်နဲ့ဆကြည့်ရင်း တစ်ယောက်တည်းပြောနေတာမျိုး။

"တစ်ကွင်း ဘယ်လောက်သားလောက်ရှိလဲ အပျိုကြီး"

"ငါးကျပ်သား အစ်မရွှေခင်၊ အခေါက်နဲ့ အကျစ်လုပ်ထားတာလေ"

စိတ်ပေါက်ပေါက်နဲ့ ခပ်ကြွားကြွားလေးပြန်ပြောလိုက်ပြီးမှ ငါလဲ ဒေါ်ရွှေမိနဲ့တွေ့မှပဲ ကြွားချင်စိတ်က ရောက်လာရတယ်လို့ ဓာတ်ကူးသွားတာလားမသိ တွေးမိပြီး စိတ်ထဲကပြုံးလိုက်မိတယ်။

"ဟုတ်လား အပျိုကြီးရဲ့။ အဲဒါဆို အပွလုပ်ဝတ်ရင် အများကြီးရတယ်လေ။ အခုက တစ်ကွင်းတည်းဆိုတော့ အဟန့်မရှိဘူး အပျိုကြီးရဲ့"

ဘာမှထပ်မပြောဘဲ ပြုံးပဲနေလိုက်တော့တယ်။ မျက်လုံးတွေက လည်ပင်းကကြိုး၊ လော့ကတ်၊ အဲဒီကမှ နားကပ်၊ လက်ကောက်အစုံအဆန်။ သူဝတ်ထားတဲ့ လက်ကောက်တွေကတော့ တံတောင်ဆစ်နီးပါးထိ။ အပွလုပ်ထားတာကြောင့် လက်လှုပ်တိုင်း တချွင်ချွင်မမြည်ဘဲ တဝ္ပ်ဝ္ပ်အသံထွက်နေတာကိုလဲ သတိထားမိပုံမရ။ တကယ်ဆို ခင်ငြိမ်းချမ်းတို့က မိဘတွေလက်ထက်ကတည်းက ချမ်းသာလာတာ။ ဒီရပ်ကွက်ထဲ သိပြီးသားမလို့ ထူးပြီးကြွားဝါနေစရာမလိုပေမဲ့ ပြောင်းလာတာမကြာသေးတဲ့ ဒေါ်ရွှေမိကိုတော့ အချဉ်ပေါက်ပေါက်နဲ့ ကြွားလိုက်တယ် မှတ်ကရော။ ကိုယ့်ဘာသာအတွေးနဲ့ မှတ်ကရောဆိုပေမဲ့ သူကတော့ ဘာမှမှတ်ပုံမရ ပြုံးပြုံးပြုံးပြုံးနဲ့ အနားကနေ အပျိုကြီးစားနော် အားမနာနဲ့ကအခါခါ။

(၆)

လမ်းထဲ နေ့လယ်နေ့ခင်းစားသောက်ပြီး အနားယူချိန်ဆို ကြားရပါပြီ။ အနီးအနားကအိမ်တွေ မကြားချင်အဆုံး ကာရာအိုကေစက်ကြီးနဲ့ မိုက်ခဲရွှေမိ လုပ်တော့တာ။ တစ်ပုဒ်ပြီးတစ်ပုဒ် တက္ကသိုလ်ကျောင်းက ငွေလမင်းတို့၊ နဂါးနီတို့၊ မောင့်အချစ်မြားစူးတို့။ စည်းဝါးကိုက်အောင်ဆိုနိုင်သလို အသံကလဲ အောင်တာကြောင့် သူ့အသံက နားဝင်တော့မဆိုးလှပေ။ တရားခွေအမြဲဖွင့်ပြီး အားတာနဲ့ တရားနာရင်း အနားယူတတ်တဲ့ ခင်ငြိမ်းချမ်းတစ်ယောက် တစ်ခါတလေ ဒေါ်ရွှေမိနဲ့အတူ တက္ကသိုလ်ကျောင်းကငွေလမင်းတွေ ရောက်လိုရောက်။ နဂါးနီမျိုးဟော့တွေကြွေးကြော်လိုကြော်။ ငယ်ငယ်ကထားခဲ့ဖူးတဲ့ရည်းစားဟောင်းကို သတိရ။ မောင့်အချစ်မြားတွေစူးလိုစူးနဲ့ အတော်လေးအာရုံများရသေး။ ခေတ်ပေါ်သီချင်းတွေက အသက်အရွယ်အရ နားထဲမဝင်တော့ပေမဲ့ ဒေါ်ရွှေမိဆိုတဲ့ သီချင်းတွေကတော့ တရားသာနာနေရတာ နားက ဒေါ်ရွှေမိဆီမှာ။

"အပျိုကြီးရယ် အခုမှ အသက်က ၅၀ ကျော်ရုံလေးရှိသေး ဟော့ရှော့တွေဝတ်ပါတော့လား။ အခုက ကြည့်လိုက်ရင်ပါတိတ်၊ ကြည့်လိုက်ရင်ပါတိတ်နဲ့ ရုပ်ရင့်တယ်"

ခါးကျော်ကျော်ရှိတဲ့ဆံပင်ကို အမြဲဘီးဆံပတ်ပတ်ထားတဲ့ ခင်ငြိမ်းချမ်းဆံပင်လဲ အလွတ်မပေး။

"အပျိုကြီးရယ် အခု အလိပ်အလိပ် အခွေအခွေလေးတွေခေတ်စားနေတာ အဲဒီလိုကောက်လိုက်ပါလား။ အခုတော့ အမြဲဘီးဆံပတ်ကြီးနဲ့ ရုပ်ရင့်တယ် အပျိုကြီးရဲ့။ ကျွန်မဆို သမီးတွေနဲ့အပြိုင်ပဲ လန်းပစ်လိုက်တာ။ စိတ်ပျိုမှ ကိုယ်နုတာ အပျိုကြီးရဲ့"

ခင်ငြိမ်းချမ်းကလဲ စိတ်ထဲ-

"အမယ်လေး. . . သူကငါ့လာပြောနေတာ။ ငါ့မှာတော့ သူ့အသက်အရွယ်နဲ့ ကျွေ့ရရမဝတ်မစားလို့ စိတ်ပျက်နေမိတာ။ နေပါစေ သူလိုသာနေရရင် လူပြောခံရဖို့များပါတယ်"

ဒါက စိတ်ထဲကပြန်ပြောနေမိတာ။ အပြင်မှာတော့ ဘာစကားမှမပြန်ဘဲ ပြုံးရုံပဲပြန်ပြုံးပြမိလိုက်တယ်။

(၇)


တစ်ရက်တော့ ခင်ငြိမ်းချမ်းတစ်ယောက် နေလို့မကောင်းလို့ အိမ်မှာလှဲနေချိန် ငါးပိရည်ကျိုနဲ့ တို့စရာအသီးအရွက်လေးထည့်ပြီး ရောက်လာပါကော။ ခင်ငြိမ်းချမ်းက မိဘတွေလဲမရှိတော့တာကြောင့် တူမလေးတစ်ယောက် အနားခေါ်မွေးစားထားပြီး မောင်နှမတွေကတော့ အလုပ်အကိုင်နဲ့တနယ်စီ။ ငါးပိရည်ကျိုကြိုက်ကြောင်း အမှတ်မထင်ပြောမိခဲ့ရာမှ သူ့အိမ်မှာ ငါးပိရည်ကျိုတိုင်း တစ်ပန်းကန်လုံးစာ လာလာပို့တတ်ပြန်တယ်။

"အပျိုကြီး နေမကောင်းလို့လား"

"ဟုတ်တယ် အစ်မရွှေခင်၊ ခြေထောက်အေးပြီး ခေါင်းကိုက်တာ ခဏခဏဖြစ်တယ်"

စာမျက်နှာ ၂၅သို့ ➤

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၀၆၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၀၆၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် မတ်ပဲ ၂၆ ဧက၊ ပဲတီစိမ်း ၄၂၈ ဧက၊ ပဲပုပ်ဧက ၂၀၀၊ ကုလားပဲဧက ၂၀၊ ပဲလွမ်း ၂၀၄ ဧက၊ ပဲယဉ်း ၁၀ ဧက၊ စားတော်ပဲ ၁၅၄၅ ဧက၊ မြေထောက်ပဲဧက ၃၄၃၀ နှင့် အခြားပဲ ၁၁၉၈ ဧက စုစုပေါင်း ပဲမျိုးစုံ ၇၀၆၁ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"အင်းတော်မြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲမျိုးစုံစိုက်ပျိုးရာမှာ မြေထောက်ပဲကိုပဲ အဓိက စိုက်ပျိုးကြတာပါ။ ပဲသီးနှံစိုက်ပျိုးကြရာမှာလဲ အထွက်နှုန်းကောင်းဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက အင်းတော်မြို့နယ်တွင် ပဲမျိုးစုံ ၆၉၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၄၀၇ ဧက၊ ပဲလွမ်းဧက ၂၃၀၊ ပဲပုပ် ၂၀၅ ဧက၊ စားတော်ပဲဧက ၁၇၂၀၊ မြေထောက်ပဲဧက ၃၄၃၀၊ အခြားပဲဧက ၁၆၁၀၊ မတ်ပဲဧက ၂၀၊ ကုလားပဲဧက ၆၀၊ ပဲယဉ်း ၁၀ ဧက စုစုပေါင်းပဲမျိုးစုံ ၇၆၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ်ဆောင်းပဲမျိုးစုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄မှအဆက်

"ဟဲ့ အဲဒါ ဒီတိုင်းကွေးမနေနဲ့လေ"

ပြောပြောဆိုဆိုနဲ့ ဘေးနားရောက်လာပါတော့တယ်။

"ကျွန်မဆို တက်စာတွေစား သွေးပေါင်ကရှိတော့ ခေါင်းခဏခဏကိုက်တာ။ ခြေထောက်တွေ၊ ခြေသလုံးတွေအေးနေလဲ ခေါင်းထိုးတယ် အပျိုကြီးရဲ့ နနွင်းမှုန့်ရှိလား"

တူမလေးကို နနွင်းမှုန့်ယူခိုင်းပြီး နှမ်းဆီရှိလားမေးတော့-

"နှမ်းဆီတော့မရှိဘူး အစ်မရေ"

"မရှိနေနေ ကျွန်မအိမ်ပြန်ယူလိုက်မယ်"

ပြောပြောဆိုဆို ထပြန်သွားပြီး မကြာဘူး ဆေးပုလင်းကိုင်ပြန်ရောက်လာပါတော့တယ်။

"အပျိုကြီးရေ ဒါအိမ်မှာလိမ်းတဲ့ဆေး။ နှမ်းနက်ဆီရယ်၊ နနွင်းရယ်ရောထားတာ တော်ရုံခြေလက်အေးရင်လိမ်းလိုက် နွေးသွားတာပဲ။ ကျွန်မက ဆရာခိုပါထည့်လိမ်းတယ်"

ပြောပြောဆိုဆိုနဲ့ ပုလင်းရှေ့ချ အတင်းလိမ်းခိုင်းတာနဲ့ အားနာပါးနာ ခင်ငြိမ်းချမ်းတစ်ယောက် အိပ်နေရာကထပြီး သူ့နှမ်းဆီကို လိမ်းရပါတော့တယ်။

"အမယ်လေး. . . အသာလေးပွတ်မလိမ်းနဲ့ ပေး ကျွန်မလိမ်းပေးမယ်"

ဆတ်ခနဲ နှမ်းဆီတွေလက်ထဲလောင်းထည့်ပြီး ခြေထောက်ကိုဆွဲလိမ်းတော့တာမလို့ အားနာတာကြောင့် တားပေမဲ့မရ။ ပါးစပ်ကလဲ စက်သေနတ်ပစ်သလို တရစပ်ပြော၊ လက်ကလဲ အသေအချာလိမ်းပေးတယ်။ လောလောဆယ် ခြေသလုံးနွေးအောင် စောင်ပါခြုံပေးပြီး ပန်းကန်လေးကိုင်ပြန်သွားတော့တယ်။ ဆေးစွမ်းတာပဲလားမပြောတတ် ခဏနေတော့ ခေါင်းကိုက်တာအတော်သက်သာသွားတာကြောင့် စိတ်ထဲကျေးဇူးတင်လိုက်မိတယ်။

"အင်း ဒါကြောင့်သာ ရပ်ကွက်ထဲ ဒေါ်ရွှေမိမပါမပြီး။ ဒေါ်ရွှေမိနဲ့ တစ်အိမ်တစ်မျိုးစီ ပတ်သက်နေကြရတာကိုး"

(၈)

တစ်ရက်မှာတော့ ဒေါ်ရွှေမိအိမ်မှာ လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေကြတာမို့ ဘယ်သူဘာများဖြစ်လို့လဲ ခင်ငြိမ်းချမ်းစိတ်ပူပြီး ထွက်မေးကြည့်မိတယ်။

"ဒေါ်ရွှေမိလေ သွေးတိုးမှန်းမသိတိုးနေတာ။ အဲဒါ မူးလဲပြီးသတိလစ်သွားလို့ ဆေးရုံအရေးပေါ်ခေါ်သွားရတယ်။ နယ်မှာအဆင်မပြေလို့ ရန်ကုန်ထိခေါ်သွားရမယ်ပြောတယ်"

အိမ်နီးချင်းတစ်ယောက်က ခင်ငြိမ်းချမ်းကိုပြောပြလို့ သိလိုက်ရတယ်။ မိသားစုတွေကတော့ ဗျာများနေကြပြီး အိမ်တံခါးပိတ် ရန်ကုန်ကိုလိုက်သွားကြရတယ်။ အဲဒီရက်ပိုင်းတွေမှာ အခြေအနေဘယ်လိုမှန်းမသိရဘဲ ခင်ငြိမ်းချမ်းတို့လမ်းကလေးဟာ အရင်ထက်ပိုတိတ်ဆိတ်သွားသလို ထင်ရတယ်။ ခင်ငြိမ်းချမ်းတစ်ယောက်ကတော့ နေ့တိုင်း မနက်မိုးလင်းလို့ ပြတင်းပေါက်ဖွင့်ရင် ဒေါ်ရွှေမိအိမ်သော့ဖွင့်ပြီလားကြည့်ရတာ အလုပ်တစ်ခုလို။ လမ်းထဲကလူတွေကလဲ ခင်ငြိမ်းချမ်းလို။ အစပိုင်းက ကြည့်မရကြပေမဲ့ တကယ်တမ်းအနေကြာလာတဲ့အခါမှာတော့ သူစားနိုင်တာ သူကြွားတာ ဘယ်သူ့မှမထိခိုက်။ သူဝတ်နိုင်တာ သူကြွားတာလဲ ဘယ်သူ့မှမထိခိုက်။ သူများကိုလဲ လိမ်ညာကုန်းတိုက်လုပ်တာမရှိ။ ငါသာရမှ၊ ငါကျော်ရမှ ပေါင်းချင်သင်းချင်တာဆိုတဲ့ ငါသာငါစီး အထက်စီးနင်းစိတ်ဓာတ်မျိုးလဲမရှိ။ သူစိတ်ပျော်သလို၊ စိတ်ထဲရှိသလို နေထိုင်ပြောဆိုရင်း တစ်ဖက်သားကိုလဲ နိုင်တဲ့ဘက်ကကူညီတတ်တဲ့သူ။ သူ့ကြောင့် ဘယ်သူမှထိခိုက်နစ်နာစေခဲ့တာမရှိဘဲ သူ့ဗီဇအတိုင်းနေတာကို အစကကြည့်မရဖြစ်ခဲ့တာ နောင်တရမိတယ်။ မနက်တိုင်း အရှေ့အိမ်ကိုမျှော်ကြည့် သတင်းနားထောင်ရတာ လမ်းထဲက ဒေါ်ရွှေမိရဲ့ ပရိသတ်တွေအားလုံး စိတ်တူကိုယ်တူပင်ဖြစ်မယ်လို့ ခင်ငြိမ်းချမ်းယုံကြည်မိတယ်။ အရင်က မနက်တိုင်း ဈေးသွားဈေးပြန် ချက်သမျှဟင်းအနားပတ်ဝန်းကျင်အိမ်တွေ အကုန်ကြားအောင် အော်ပြောနေသံကို ကြားတာလို့ထင်မိပေမဲ့ အခုချိန်မှာတော့ အဲဒီလိုအသံကို နားထဲပြန်လွမ်းမိကြတယ်။ နောက်ဆုံး နေသားကျလာတဲ့ ဆိတ်ငြိမ်လမ်းလေးထဲ အရင်လိုတိတ်ဆိတ်နေတာတောင်မှ ငြိမ်းချမ်းတယ်မထင်မိဘဲ တစ်ခုခုလိုနေသလိုမျိုး။ ကိုယ့်စိတ်နဲ့မတွေ့တိုင်း အပြစ်မြင်ခဲ့မိတာကိုလဲ အားနာမိတယ်။ မိမိကတော့ သူ့လောက်မှစိတ်ထားဖြူစင်ရဲ့လား၊ ကောင်းရဲ့လားလို့ ပြန်တွေးသုံးသပ်မိတာအခါခါ။ မနက်အရုဏ်ဆွမ်းကပ်ပြီးတိုင်း၊ နေ့လယ်ဆွမ်းကပ်ပြီးတိုင်း၊ ညဘက် ပန်းဆီမီးရေချမ်းကပ်ပြီးတိုင်း ဒေါ်ရွှေမိတစ်ယောက်အမြန်ဆုံးနေပြန်ကောင်းပြီး အရင်လိုလမ်းထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ သက်တော်ရာကျော်ရှည်တဲ့ထိနေနိုင်ပါစေလို့ ဆုတောင်းမိတယ်။

(၉)

"ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ. . ."

ရုတ်တရက် မနက်စောစောကြားလိုက်ရတဲ့အသံကြောင့် အိပ်ပျော်နေရာကနေ ခင်ငြိမ်းချမ်း ဆတ်ခနဲထထိုင်လိုက်မိတယ်။ ဒါဒေါ်ရွှေမိအသံပဲ။ အရင်တုန်းကလောက် အားမာန်မပါဘဲ တိုးဖျော့ဖျော့ဆိုပေမဲ့ အဲဒီအသံကို ခင်ငြိမ်းချမ်းကောင်းစွာကြားရတယ်။ ကမန်းကတန်း အိမ်ရှေ့တံခါးကိုဖွင့်ပြီး အပြင်ထွက် ဒေါ်ရွှေမိတို့အိမ်ဘက် စပ်စုကြည့်လိုက်မိတော့ ပြတင်းပေါက်တံခါးတွေဖွင့်ထားပြီး အိမ်သားတွေပြန်ရောက်နေကြပုံ။ စိတ်ထဲဝမ်းသာသွားတာ ပြောဖွယ်မရှိ။ အိမ်လည်ထွက်ခဲ့တဲ့မိမိ ဒေါ်ရွှေမိကျန်းမာရေးကို အရေးတကြီးသိချင်လာမိတယ်။ ဘုရားရှိခိုးသံကြားရတာကြောင့် အခြေအနေပြန်ကောင်းလာကြောင်းလဲ နားလည်မိတယ်။ ဒါပေမဲ့ ဒေါ်ရွှေမိဆီကနေ တဖွဲ့တနွဲ့အတွေ့အကြုံတွေကို အားရပါးရနားထောင်ချင်မိတာက တားမရ။ မိုးလင်းခါစဖြစ်ပေမဲ့ ခင်ငြိမ်းချမ်း အိမ်လည်ထွက်ပြီး အပြေးအလွှားသတင်းမေးချင်စိတ်ကို မထိမ်းနိုင်တော့တာကြောင့် ဒေါ်ရွှေမိတို့အိမ်ဘက်ကို အပြေးကလေးထွက်လာလိုက်မိတယ်။

## ပေါင်းကူးကုသိုလ်

- ဗုဒ္ဓဘာသာ မြန်မာမျိုး
  သာသနာ့ကျိုး ထမ်းရွက်ကာ၊
  ရဟန်းရှင် သံဃာအပေါင်း
  ကိန်းအောင်းပြည်ရွာ၊
  အနာဂတ် ပြည်မြန်မာ
  အေးချမ်းသာ စိတ်ချမ်းမြေ့၊
  မေတ္တာတွေ ဖြန့်ကြက်ခင်း
  ကောင်းခြင်းတွေတွေ့။

- သဒ္ဓါကြည် လှူဒါန
  ပြုလုပ်ကြ လုပ်ငန်းတွေ၊
  တို့မြန်မာ ကျက်သရေလွှမ်း
  ရွှင်လန်းလျက်နေ၊
  မင်္ဂလာရှိ ပီတိဝေ
  မြင့်မြတ်ပေ စိတ်ထား၊
  ပြုံးရွှင်ပျော် ကုသိုလ်ရေးကို
  ဆွေးနွေးလှုပ်ရှား။

- သာသနာ ထွန်းရာအရပ်
  မြင့်မြတ်သည့် မြန်မာပြည်၊
  ဘုရားစေတီ ကျောင်းကန်များ
  တည်ထားဝေစည်၊
  ရိပ်သာတို့ စုံစုံညီ
  မြန်မာ့ဂုဏ်ရည် အလွန်ထူး၊
  သံဃာထေရ် ကိုးကွယ်ပြုတယ်
  ကောင်းမှုပေါင်းကူး။ ။

ဖြိုးထက်(ရေစကြို)

## ဆင်ပေါင်ဝဲမြို့နယ် အင်းပက်လက်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အင်းပက်လက်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပန်သုမောင်နှင့် တာဝန်ရှိသူများက အင်းပက်လက်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်းပက်လက်ကျေးရွာ၌ လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၀၅ သန်းဖြင့် ချိုဇင်သံသာကုမ္ပဏီက ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက အင်းပက်လက်ကျေးရွာအပါအဝင် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၉၈၆ အိမ်၊ လူ ၃၄၅၁ ဦးတို့အတွက် သွားလာရလွယ်ကူပြီး ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

ကိုလှိုင်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းအကြောင်း သိကောင်းစရာ

စိန်လှိုင်ပိုင်

ရာဇဝတ်မှုများတွင် အမှုစစ်ဆေးပြီးနောက် အမိန့်ချမှတ်ရာ၌ တရားခံကို တရားရှင်လွှတ်သည်လည်းရှိသည်။ အမှုမှ အပြီးအပြတ်တရားသေလွှတ်သည်လည်းရှိသည်။ ထိုအခါတွင် အမှုဖြင့်သိမ်းဆည်းထားသော သက်သေခံပစ္စည်းကို စီမံခန့်ခွဲခြင်းအတွက် အမိန့်တစ်ရပ်ကို ချမှတ်ရသည်။ တရားရုံးက သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ချမှတ်သည့်အမိန့်တစ်ရပ်အပေါ် အောက်ရုံးအဆင့်ဆင့်တွင် အငြင်းပွားခဲ့ပြီး အထူးအယူခံခုံရုံးရောက်မှ အပြီးသတ်စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့ရသော အမှုတစ်ခုကို ရည်ညွှန်းကိုးကား၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။


**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာရှိ ကုမ္ပဏီပိုင်ရှင် ဒေါ်ချိုသဲ ခေါ် ဒေါ်ငယ်က မြောက်ခဲတောင်လုပ်ကွက်အတွင်းရှိ အင်းကိုလုပ်ကိုင်စဉ် ရွှေဖြုန်းအထွက်နည်းလာသဖြင့် လိုက်လံစုံစမ်းရာ အလုပ်သမားခေါင်းဆောင် ကျော်ရဲ (ဘီ-၁၁) က အင်းပိုင်ဖြစ်သူ သုနောင်စိုးထံသို့ ဖြုန်းမြေများကို ရောင်းချကြောင်း ကုမ္ပဏီဝန်ထမ်း စိုင်းကျော်က ပြောပြသိရသည့်အပြင် ကျော်ရဲတို့ကလည်း ခိုးယူရောင်းချကြောင်း ဝန်ခံသောကြောင့် အရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

**သပိတ်ကျင်းမြို့နယ်တရားရုံး** ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၆၂၀ တွင် တရားခံ ကျော်ရဲ၊ သုနောင်စိုးနှင့် စိုင်းကျော်တို့အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၅၈(၁) အရ **အပြီးအပြတ်လွှတ်သည့်အမိန့်ချမှတ်ခဲ့သည်။ သက်သေခံဘဏ်ငွေရစာအုပ်နှစ်အုပ်ကို အယူခံပြင်ဆင်ရက်ကျော်က အပ်ပေးသူထံပြန်ပေးရန် အမိန့်ချမှတ်ခဲ့သည်။**

သက်သေခံဘဏ်ငွေစုစာအုပ်နှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့်အပေါ် တရားလို ဒေါ်ချိုသဲ ခေါ် ဒေါ်ငယ်က ပြင်ဦးလွင်ခရိုင်တရားရုံးသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်းကောင်း ပြင်ဆင်မှုများ အသီးသီးတင်သွင်းလျှောက်ထားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး) အမှတ်-၁၃၁ ကို ဆက်လက်တင်သွင်းလျှောက်ထားရာ

"တရားခံ ကျော်ရဲအား ရာဇသတ်ကြီးပုဒ်မ-၃၈၁ အရ စွဲဆိုမှုတွင် မြို့နယ်တရားရုံးက တရားခံအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံရာ သက်သေခံဘဏ်ငွေစုစာအုပ်နှစ်အုပ်တွင် စုဆောင်းထားသော ငွေကျပ်သိန်း ၅၀၀ ကျော်သည် ရွှေဖြုန်းများခိုးယူရောင်းချထားသော ငွေများဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ မန္တလေးတိုင်းဒေသကြီး ဇာရီတရားလွှတ်တော်က တရားခံများကို ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) ခုံရုံးမှ တစ်သဘောတည်း သုံးသပ်အတည်ပြုခဲ့သော်လည်း သက်သေခံပစ္စည်းနှင့်ပတ်သက်၍ တက်ရောက်လာသော ပြင်ဆင်မှုတွင်မူ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ရွှေပါသောဖြုန်းမြေများကို ငွေသားအသွင်ပြောင်းလဲ၍ ထိုငွေများကို သက်သေခံပစ္စည်းဘဏ်စာအုပ်နှစ်အုပ်တွင် ပေးသွင်းခဲ့ခြင်းဖြစ်သည်ဟု တစ်ထစ်ချကောက်ယူနိုင်ရန် သက်သေခံချက် အားနည်းကြောင်း သုံးသပ်၍ ဘဏ်စာအုပ်နှစ်အုပ်ကို အပ်ပေးသူ (ပြစ်မှုထင်ရှားစီရင်ခံရသူ)သို့ ပြန်လည်ထုတ်ပေးရန် ချမှတ်ခဲ့သည့် မူလသပိတ်ကျင်းမြို့နယ်တရားရုံးနှင့် ပြင်ဦးလွင်ခရိုင်တရားရုံးတို့၏အမိန့်ကို ဆက်လက်အတည်ပြုခဲ့ပြီး အဆိုပါအမိန့်အပေါ် တက်ရောက်လာသည့် ပြင်ဆင်မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကျဉ်းနည်းဖြင့် ပလပ်ခဲ့ခြင်းမှာ အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် သက်သေခံအထောက်အထားများအရလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မျှတမှန်ကန်မှုရှိ၊ မရှိ" ဟူသော ပြဿနာကို ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။



**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

သပိတ်ကျင်းမြို့နယ်တရားရုံးက တရားခံများကို အပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ် ရာဇဝတ်အယူခံမှု အမှတ်-၃၂၀ ဖြင့်တင်သွင်းရာ အယူခံမှုကိုခွင့်ပြုပြီး မြို့နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်၍ တရားခံ ကျော်ရဲ၊ တရားခံ စိုင်းကျော်တို့အား ရာဇသတ်ကြီးပုဒ်မ-၃၈၁ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်စီကျခံစေရန်နှင့် တရားခံ သုနောင်စိုးအား ရာဇသတ်ကြီးပုဒ်မ-၃၇၉ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ **အဆိုပါအမိန့်တွင် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ထည့်သွင်းအမိန့်ချမှတ်ထားခြင်းမရှိသည်ကို အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ အရ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုဆုံးခန်းတိုင်ရောက်ရှိသည့်အခါ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရကြောင်း၊ တစ်နည်းအားဖြင့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါမှ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ အရ အမိန့်တစ်ရပ်ချမှတ်နိုင်မည်ဖြစ်ကြောင်း ရုံးတော်က စိစစ်သုံးသပ်ခဲ့သည်။

တရားစီရင်မှုတစ်ခုသည် ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ပြစ်မှုထင်ရှားမတွေ့ရှိသဖြင့် အပြီးအပြတ်လွှတ်ခြင်းတွင် ဆုံးခန်းတိုင်သည်။ ထိုသို့ တရားစစ်ဆေးစီရင်ဆုံးဖြတ်ချက်တစ်ခု **ဆုံးခန်းတိုင်ခြင်းရှိ၊ မရှိ တစ်နည်းအားဖြင့် ပြီးဆုံးခြင်းရှိ၊ မရှိကို မူလတရားရုံး၏ ဆင်ခြင်ဆုံးဖြတ်ချက်တစ်ရပ်တည်းအပေါ်တွင်သာ ကွက်၍စဉ်းစားလျှင် ပြည့်စုံမည်မဟုတ်ပေ။** ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းရှိ၊ မရှိ ချမှတ်သည့် အမိန့်အပေါ် တင်သွင်းလျှောက်ထားကြသည့် အယူခံမှု၊ ပြင်ဆင်မှုတို့အပေါ်တွင်လည်း ဆက်လက်စဉ်းစားရမည်ဖြစ်သည်။ **အယူခံမှု၊ ပြင်ဆင်မှုဆိုသည်မှာ သီးခြားစစ်ဆေးစီရင်မှုမဟုတ်ဘဲ မူလမှုကို ဆက်လက်ဆောင်ရွက်ခြင်းသာဖြစ်သည်။ တစ်နည်းဆိုရမူ အယူခံမှု၊ ပြင်ဆင်မှုဟူသည် တရားစီစစ်သည့်သဘော မူလတရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ထပ်မံစီစစ်သည့်သဘောဖြစ်သည်။ မူလမှုနှင့် အယူခံမှု ပြင်ဆင်မှုတို့သည် တစ်ဆက်တစ်စပ်တည်းသာဖြစ်သည်ဟု** အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

**သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည်လည်း သီးခြားအမိန့်မဟုတ်ဘဲ မူလအမှုတွင် တရားခံပြစ်မှုကျူးလွန်ခြင်းရှိ၊ မရှိနှင့် ဆက်စပ်သုံးသပ်ရမည့်ကိစ္စဖြစ်သည်။ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်လျှင် သက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲရာတွင် စဉ်းစားရမည့်သဘောသဘာဝနှင့် တရားခံသည် ပြစ်မှုထင်ရှားခြင်းမရှိလျှင် စဉ်းစားရမည့်သဘောသဘာဝတို့မှာ တူညီနိုင်မည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။**

"အမှုတွဲရှိ သက်သေခံအဖြစ် သိမ်းဆည်းထားသော ကျော်ရဲ၏မိဘများဖြစ်သော ဦးအောင်ဝင်း၊ ဒေါ်ညွန့်လှိုင်အမည်ဖြင့် ဖွင့်လှစ်ထားသည့် ကမ္ဘောဇဘဏ်မှ ငွေစုစာအုပ်တွင် ငွေကျပ်သိန်း ၅၀၀ ကျော် ထည့်သွင်းစုဆောင်းထားခြင်းနှင့်ပတ်သက်၍ ကျော်ရဲ၏မိဘများမှ ခိုင်လုံစွာချေပထွက်ဆိုနိုင်ခြင်းမရှိသကဲ့သို့ ဖော်ပြပါငွေများသည် သမီးနှင့် သားမက်တို့၏ငွေများဖြစ်ကြောင်း ခုခံချေပချက်သည် ယုတ္တိမတန်ဘဲ ကျော်ရဲက ဖြောင့်ချက်တွင် ဖြောင့်ဆိုထားသည့်အတိုင်း ၎င်းနှင့် စိုင်းကျော်တို့က သုနောင်စိုးနှင့်အတူ တရားလိုလုပ်ပိုင်ခွင့်ရရှိသော (ဘီ-၂၀) အင်းမှ ရွှေဖြုန်းများကို ခိုးယူ၍ အပြင်သို့ထုတ်ခဲ့ခြင်းအပေါ် သုနောင်စိုးက အခကြေးငွေများအဖြစ်ပေးခဲ့သော ငွေများဖြစ်ကြောင်း ကောက်ယူရမည်ဖြစ်သည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၃၂၀ တွင် စီရင်ဆုံးဖြတ်ချက်အပေါ် အထက်တရားရုံးအဆင့်ဆင့်သို့ တင်သွင်းကြရာ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) အမှတ်-၂၁ တွင်လည်း သက်သေခံအဖြစ် သိမ်းဆည်းထားသော ဘဏ်ငွေစုစာအုပ်ပါငွေများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းသုံးသပ်ထားသည်ကို အထူးအယူခံခုံရုံးက စိစစ်တွေ့ရှိခဲ့သည်။

"သက်သေခံ(ယ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသည့် ဦးအောင်ဝင်း၊ ဒေါ်ညွန့်လှိုင်အမည်ပါ ကမ္ဘောဇဘဏ်ငွေစုစာအုပ်၌ ငွေကျပ်သိန်း ၅၀၀ ကျော် စုဆောင်းထားကြောင်း တွေ့ရှိရပြီး အဆိုပါစုဆောင်းငွေများမှာ မိဘများ၏ငွေများဖြစ်ကြောင်း ကျော်ရဲက ထွက်ဆိုပြီး ဒေါ်ညွန့်လှိုင်၊ အောင်ဇော်မျိုးတို့က ရွာမှ ပိုင်းမြေရောင်းချရငွေဖြစ်ကြောင်း၊ အတူနေသမီးနှင့် သားမက်၏ငွေများဖြစ်ကြောင်း အကြောင်းပြသော်လည်း ၎င်းတို့၏ထွက်ဆိုချက်များမှာ ရှေ့နောက်ညီညွတ်ခြင်းမရှိသည့်အပြင် အကြောင်းယုတ္တိခိုင်လုံခြင်းမရှိသဖြင့် ဖြောင့်ချက်ပါအချက်များကို ပျက်ပြယ်စေခြင်းမရှိကြောင်း တွေ့ရှိရသည်။

ယခုအမှုတွင် **တရားခံကျော်ရဲသည် ပြစ်မှုကျူးလွန်ကြောင်း ဘဏ်ငွေရစာအုပ်ထဲမှငွေများသည် ရွှေဖြုန်းများကို ခိုးယူရောင်းချထားသောငွေများဖြစ်ကြောင်း သုံးသပ်ခဲ့ပြီးဖြစ်သည့် အဖြေအနေ၌ သက်သေခံငွေရစာအုပ်နှစ်အုပ်ရှိ ငွေများသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ အဓိပ္ပာယ်ရှင်းလင်းချက်အရ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် လက္ခဏာရှိသောပစ္စည်းဟု ဆက်လက်ကောက်ယူသုံးသပ်ရန်သာရှိကြောင်း၊** သို့မှသာ ဥပဒေအရ ချိတ်ဆက်ညီညွတ်သော အကြောင်းခြင်းရာအရ ညီညွတ်မျှတသော စီရင်ဆုံးဖြတ်ခြင်းဖြစ်ပေလိမ့်မည်ဟု အထူးအယူခံခုံရုံးက ကျယ်ပြန့်စွာဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ်

"တရားခံ ကျော်ရဲအား ရာဇသတ်ကြီးပုဒ်မ-၃၈၁ အရ စွဲဆိုမှုတွင် မြို့နယ်တရားရုံးက တရားခံအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံရာ သက်သေခံဘဏ်ငွေစုစာအုပ်နှစ်အုပ်တွင် စုဆောင်းထားသော ငွေကျပ်သိန်း ၅၀၀ ကျော်သည် ရွှေဖြုန်းများခိုးယူရောင်းချထားသောငွေများဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ မန္တလေးတိုင်းဒေသကြီး ဇာရီတရားလွှတ်တော်က တရားခံများကို ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူးခုံရုံး)မှ တစ်သဘောတည်း သုံးသပ်အတည်ပြုခဲ့သော်လည်း သက်သေခံပစ္စည်းနှင့်ပတ်သက်၍ တက်ရောက်လာသောပြင်ဆင်မှုတွင်မူ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ရွှေပါသောဖြုန်းမြေများကို ငွေသားအသွင်ပြောင်းလဲ၍ ထိုငွေများကို သက်သေခံပစ္စည်းဘဏ်စာအုပ်နှစ်အုပ်တွင် ပေးသွင်းခဲ့ခြင်းဖြစ်သည်ဟု တစ်ထစ်ချကောက်ယူနိုင်ရန် သက်သေခံချက်အားနည်းကြောင်းသုံးသပ်၍ ဘဏ်စာအုပ်နှစ်အုပ်ကို အပ်ပေးသူ (ပြစ်မှုထင်ရှားစီရင်ခံရသူ)သို့ ပြန်လည်ထုတ်ပေးရန် ချမှတ်ခဲ့သည့် မူလသပိတ်ကျင်းမြို့နယ်တရားရုံးနှင့် ပြင်ဦးလွင်ခရိုင်တရားရုံးတို့၏အမိန့်ကိုဆက်လက်အတည်ပြုခဲ့ပြီး အဆိုပါအမိန့်အပေါ် တက်ရောက်လာသည့် ပြင်ဆင်မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကျဉ်းနည်းဖြင့် ပလပ်ခဲ့ခြင်းမှာ အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် သက်သေခံအထောက်အထားများအရလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မျှတမှန်ကန်မှုမရှိကြောင်း အထူးအယူခံခုံရုံးက ကျယ်ပြန့်စွာ ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး **သက်သေခံပစ္စည်း ဘဏ်ငွေရစာအုပ်နှစ်အုပ်အား အပ်ပေးသူ မူလရုံးတရားခံ ကျော်ရဲသို့ ပြန်လည်ထုတ်ပေးစေရန် ချမှတ်ခဲ့သည့် မူလသပိတ်ကျင်းမြို့နယ်တရားရုံးနှင့် ၎င်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။**

သက်သေခံ(ယ) ရှာဖွေပုံစံဖြင့် မူလရုံးတရားခံ ကျော်ရဲအပ်ပေးထားသော ကမ္ဘောဇဘဏ်လီမိတက် တံဆိပ်ပါ တရားခံ ကျော်ရဲ၏ဖခင် ဦးအောင်ဝင်း အမည်ဖြင့် ငွေ ၃၅၀၇ ဒသမ ၈၁ ကျပ် ၈၁ ပြားပါ ငွေစုစာအုပ်တစ်အုပ်နှင့် ကမ္ဘောဇဘဏ်လီမိတက် တံဆိပ်ပါ တရားခံ ကျော်ရဲ၏ဖခင် ဦးအောင်ဝင်း၊ မိခင် ဒေါ်ညွန့်လှိုင်အမည်ဖြင့် ငွေ ၅၀၀၀၂၄၅၇ ကျပ် ၄၂ ပြားပါ ငွေစုစာအုပ်တစ်အုပ်တို့ကို အယူခံတရားလို ဒေါ်ချိုသဲ ခေါ် ဒေါ်ငယ်ထံ ပေးအပ်စေရန် အထူးအယူခံခုံရုံးက အမိန့်ချမှတ်ခဲ့သည်။

ဒေါ်ချိုသဲ ခေါ် ဒေါ်ငယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၂ ၂၀၂၁ ခုနှစ် ရာဇဝတ်အထူးအယူခံမှုအမှတ်-၃ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ပါသည်။

# လပွတ္တာမြို့နယ်တွင် နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိဈေးကောင်းရရှိ



**လပွတ္တာ ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေသန်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် မေလ၊ ဇွန်လနှင့် ဇူလိုင်လတို့က နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိကြောင်း သိရသည်။

"ဒီနှစ် နေလှန်းဆားဈေးက အဆမတန် မြင့်တက်နေတယ်။ ပြည်ပတွင်း ငါးပိ၊ ငါးခြောက် ငံပြာရည်လုပ်ငန်းလုပ်တဲ့ရာသီဖြစ်လို့ အခုလိုဒေသထွက်ဆား ဈေးတက်နေတာပါ။ လက်ရှိအချိန်က ဒေသမှာ ဆားလက်ကျန်တွေပဲရှိပါတယ်။ အခုလက်ကျန်ဆားတွေကိုပဲ ရောင်းနေတာ။ အခုလို ဆားဈေးကောင်းလာတော့ ဆားထုတ်လုပ်တဲ့ တောင်သူတွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဒေသထွက် ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးထဲက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန်ဘက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်။ ဆားဈေးကောင်းလာတော့ ဆားလုပ်ငန်းက သိုလှောင်ထားသူတွေ အဆင်ပြေတာတွေ့ရပါတယ်"ဟု လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေသန်းက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်မြို့ကို အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆားများကို ထုတ်လုပ်ရာတွင် ဆားလုပ်သားတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၈၀၀၀ ထိပေးကာ နေ့စားစနစ်ဖြင့် ငှားလုပ်ကိုင်ရကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း ဒေါ်ဆွေသန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သံတွဲမြို့နယ် ပုဇွန်ဖြေကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေနိုင်ရန်ရည်ရွယ်၍ ပုဇွန်ဖြေကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမတည်စီမံကိန်းရန်ပုံငွေကျပ် ၃၇၄ သိန်းကို ပုဇွန်ဖြေကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပုဇွန်ဖြေကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၉ ဦးကို ငွေကျပ် ၃၇၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုပြည့်**

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၃၁၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၈၀၀၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီကာလ မုံရွာခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးနေပါပြီ။ လျာထားဧက ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့သီးနှံတွေ ဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၈၇၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၈၅ ဧက၊ အရာတော်မြို့နယ်တွင် ၁၂၉၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၃၉၆၄ ဧကတို့ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၅၈၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၆ ဧက၊ အရာတော်မြို့နယ်တွင်ဧက ၂၅၀၊ ချောင်းဦးမြို့နယ်တွင် ၁၇၇၇ ဧက တို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# အောင်လံမြို့နယ် မအူခုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**အောင်လံ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ မအူခုံကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ)ချေးငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရုံးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၂၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၉၀ ကို စီမံကိန်းရန်ပုံငွေကျပ်၂၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။

**မြူလေး**



# ဇီးကုန်းမြို့နယ် ချောင်းစောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောင်းစောက်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ချောင်းစောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများ၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာသုံးရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဇီးကုန်းမြို့နယ် ချောင်းစောက်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၃၈၅ သန်းအသုံးပြုပြီး အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများ၊ ဝပ် ၄၆၀၀ ရှိသော ဆိုလာသုံးရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို Aye Chan Pyae Sine ကုမ္ပဏီကတာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၂၅ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုမှ စွန့်ပစ်ရေဆိုးများ

**ဒေါက်တာလွှမ်းမိုးဟန်**

နိုင်ငံတိုင်းအတွက် စွမ်းအင်ရရှိနိုင်ရန် အရေးကြီးသည်။ အထူးသဖြင့် စက်မှုအင်အားကြီးနိုင်ငံများအတွက် စွမ်းအင်အရင်းအမြစ် ဖူလုံရန်လိုသည်။ အင်အားကြီးနိုင်ငံများက ထိုစိန်ခေါ်မှုကို အဏုမြူစွမ်းအင်ထုတ် နျူကလီးယားဓာတ်ပေါင်းဖိုကြီးများ တည်ထောင်ပြီးဖြေရှင်းလိုက်ကြသည်။ အဏုမြူစွမ်းအင်က ရေအား၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်များကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မျိုးထဲမပါပေ။ နျူကလီးယားဓာတ်ပေါင်းဖိုကြီးများ၏ အားနည်းချက်တစ်ခုက စွန့်ပစ်ရေဆိုးထိန်းသိမ်းနိုင်ရန် အခက်အခဲဖြစ်ပါသည်။

ကုလသမဂ္ဂ၏ နျူကလီးယားအဏုမြူစောင့်ကြည့်စစ်ဆေးရေးအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)က ဂျပန်နိုင်ငံ၏ ဖူကူရှီးမားဒိုင်ချီအမည်ရှိ ဖျက်သိမ်းပြီး နျူကလီးယားဓာတ်ပေါင်းဖိုကြီးမှ စွန့်ထုတ်ရေဆိုး တန် တစ်သန်းကျော်ကို ပစိဖိတ်သမုဒ္ဒရာထဲ စွန့်ပစ်ရန် ဂျပန်အစိုးရဘက်က တင်ပြလာမှုအပေါ် ခွင့်ပြုလိုက်သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လအစောပိုင်းက IAEA သည် ၎င်းစွန့်ပစ်အစီအစဉ်အပေါ် အကောင်းမြင်ရေးသားထားသည့် လေ့လာချက်ကိုထုတ်ပြန်ခဲ့ပါသည်။ ၎င်းလေ့လာချက်က ဂျပန်အစိုးရအတွက်ရော နျူကလီးယားဓာတ်ပေါင်းဖိုစီမံခန့်ခွဲသူ ဂျပန်လျှပ်စစ်စွမ်းအားကုမ္ပဏီ (TEPCO)အတွက်ပါ အသက်ရှူချောင်သွားစေသည်။

ထိုသို့တိုင်အောင် ၎င်းစွန့်ပစ်အစီအစဉ်ကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသခံငါးဖမ်းအဖွဲ့အစည်းများနှင့် သိပ္ပံပညာရှင်တချို့က ကန့်ကွက်နေကြဆဲဖြစ်သည်။ TEPCO မှ တာဝန်ခံအရာရှိများက နျူကလီးယားဓာတ်ပေါင်းဖိုမှစွန့်ပစ်ရေဆိုးများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နေရာမရှိတော့ပါ။ ၎င်းရေဆိုးများကို သမုဒ္ဒရာထဲသွန်ချလိုက်ခြင်းဖြင့် သမုဒ္ဒရာရေများနှင့်ရောပြီး အားပျော့သွားမည်။ ၎င်းအစီအစဉ်သာ ပြဿနာကိုဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်သည် စသည်ဖြင့်ရှင်းပြကြသည်။

လက်ရှိ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုတွင် ရေဆိုးတန်ပေါင်း ၁ ဒသမ ၃ သန်းရှိနေပြီး ၎င်းတို့ကို ရေကန်ကြီးပေါင်း ၁၀၀၀ ကျော်ထဲတွင် သိုလှောင်ထားရသည်။ ဤရေဆိုးများကိုသာ စွန့်မထုတ်နိုင်ပါက နျူကလီးယားဓာတ်ပေါင်းဖိုအဟောင်းကြီးကို စနစ်တကျဖျက်သိမ်းနိုင်ရေး နှောင့်နှေးကြန့်ကြာနေလိမ့်ဦးမည်ဟုဆိုသည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် ငလျင်အကြီးအကျယ်လှုပ်ခဲ့ပြီး ဆူနာမီရေလှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ရာမှ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုတွင် အဏုမြူယိုစိမ့်မှုများဖြစ်ခဲ့သည်။ အဆိုပါငလျင်က ဂျပန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးငလျင်ဟုလည်း ပြောကြသည်။ ငလျင်လှုပ်အပြီး ၁၃ မီတာမှ ၁၄ မီတာထိမြင့်မားသည့် ဒီရေလှိုင်းကြီးများ ရိုက်ခတ်ခဲ့ရာ ဓာတ်ပေါင်းဖိုကြီး၏မီးစက်ကြီးများ ပျက်စီးပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည်။ ထိုမှတစ်ဆင့် အဏုမြူယိုစိမ့်မှုများ ဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူ ၁၅၀၀၀၀ ခန့်ကို ဖယ်ရှားပေးခဲ့ရသည်။ နာမည်ကျော် ချာနိုဘိုင်းအဏုမြူယိုစိမ့်မှုပြီးလျှင် ကမ္ဘာ့သမိုင်းတွင် အဆိုးရွားဆုံးသော အဏုမြူယိုစိမ့်မှုပြဿနာဖြစ်ပါသည်။

ယေဘုယျအားဖြင့် အဏုမြူစွမ်းအင်ကိုထုတ်လုပ်သည့်အခါ အပူစွမ်းအင်များစွာထွက်သည်။ ၎င်းအပူရှပ်ကြွင်းများကို ရေနှင့်ထိတွေ့မှုပေးပြီး အေးစေရသည်။ အဏုမြူယိုစိမ့်မှုဖြစ်ပွားသည့်အခါ ၎င်းအအေးပေးစနစ်မှ ရေများထဲတွင် အဏုမြူနှင့်ထိတွေ့ပြီး ညစ်နွမ်းကုန်သည်။ TEPCO ၏ အဆင့်မြင့်နည်းပညာများထဲတွင် ရေဒီယိုသတ္တိကြွဒြပ်စင်များကို ဖယ်ရှားပေးနိုင်သည့် ရေသန့်စနစ်ပါသည်။ သို့သော် Tritium အမည်ရ ရေဒီယိုသတ္တိကြွဟိုက်ဒရိုဂျင် Isotope တစ်မျိုးကိုမူ ဖယ်ရှားပေးနိုင်ခြင်းမရှိပေ။

ဂျပန်အစိုးရတာဝန်ရှိသူများက Tritium ရေဒီယိုသတ္တိကြွဓာတ်တစ်မျိုး ပါဝင်နေသည့် စွန့်ပစ်ရေဆိုးများကို သမုဒ္ဒရာထဲခပ်ဝေးဝေးတွင် စွန့်ပစ်နိုင်ရန် အတိုက်အခံများကို ကြိုးစားရှင်းပြပေးနေကြသည်။ ၎င်းတို့၏စွန့်ပစ်အစီအစဉ်ကြောင့် လူသားနှင့် ရေသတ္တဝါများစွာတို့ကို အန္တရာယ်ပေးနိုင်မည်မဟုတ်ကြောင်း အာမခံကြသည်။ စွန့်ပစ်ရေဆိုးများကို သမုဒ္ဒရာထဲသွန်မပစ်မီ အိုလံပစ်ရေကူးကန် အရွယ်အစားရှိ ရေကန်ကြီးပေါင်း ၅၀၀ ထဲကိုထည့်ပြီး အားပျော့စေဦးမည်ဖြစ်သည်။

> ❖ TEPCO မှ တာဝန်ခံအရာရှိများက နျူကလီးယားဓာတ်ပေါင်းဖိုမှ စွန့်ပစ်ရေဆိုးများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နေရာမရှိတော့ပါ။ ၎င်းရေဆိုးများကို သမုဒ္ဒရာထဲသွန်ချလိုက်ခြင်းဖြင့် သမုဒ္ဒရာရေများနှင့်ရောပြီး အားပျော့သွားမည်။ ၎င်းအစီအစဉ်သာ ပြဿနာကို ဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်သည် စသည်ဖြင့်ရှင်းပြကြသည်။ လက်ရှိ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုတွင် ရေဆိုးတန်ပေါင်း ၁ ဒသမ ၃ သန်းရှိနေပြီး ၎င်းတို့ကို ရေကန်ကြီးပေါင်း ၁၀၀၀ ကျော်ထဲတွင် သိုလှောင်ထားရသည်။ ❖

အားပျော့စွန့်ပစ်ရေဆိုးများထဲတွင် Tritium ဓာတ်ပမာဏက ၂ ဒသမ ၅ ရာခိုင်နှုန်းမျှသာရှိပြီး ဂျပန်နိုင်ငံကလက်ခံထားသည့် လုံခြုံမှုပမာဏအောက် လျော့နည်းနေသေးသည်။ ထို့နောက်တွင် ပင်လယ်ကမ်းခြေမှ တစ်ကီလိုမီတာဝေးသည်ထိ ပိုက်လုံးကြီးများဖြင့်သယ်သွားပြီး စွန့်ထုတ်မည်ဖြစ်ပါသည်။ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ၎င်းစွန့်ပစ်ရေဆိုးများထဲတွင် ရေဒီယိုသတ္တိကြွဓာတ် သတ်မှတ်စံနှုန်းများထက် ပိုပါလာပါက စွန့်ပစ်အစီအစဉ်ကို ချက်ချင်းရပ်သွားမည်ဟု အာမခံသည်။

ဂျပန်တို့၏စံနှုန်းအရ တစ်နှစ် Tritium စွန့်ပစ်နှုန်းက ၂၂ ထရီလီယံ Becquerels အောက်တွင်သာရှိရသည်။ Becquerels ဆိုသည်က ရေဒီယိုသတ္တိကြွ Tritium များကို တိုင်းတာသည့်ယူနစ်ဖြစ်သည်။ ဂျပန်၏စံနှုန်းက တရုတ်တို့ထက် ပိုတင်းကျပ်သည်။ တရုတ်တို့၏ Yangjiang နျူကလီးယားဓာတ်ပေါင်းဖိုမှ ၂၀၂၀ ခုနှစ်တွင် Tritium ၁၀၂ ထရီလီယံ Becquerels စွန့်ထုတ်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံမှ Kori နျူကလီးယားဓာတ်ပေါင်းဖိုက Tritium ၄၉ ထရီလီယံ Becquerels စွန့်ထုတ်ခဲ့ကြောင်း တွေ့ရသည်။

IAEA ၏ ညွှန်ကြားရေးမှူးချုပ် မာရီယာနိုဂရော်စီ၏ထုတ်ပြန်ချက်ထဲတွင် အားပျော့စေရန် ထိတွေ့ပြုပြင်ထားပြီးသား အဏုမြူစွန့်ထုတ်ရေဆိုးများကို စနစ်တကျစွန့်ပစ်မည်ဆိုပါက အများစိုးရိမ်ပူပန်နေကြသကဲ့သို့ ဘေးအန္တရာယ်တစ်စုံတစ်ရာရှိစေမည်မဟုတ်ပါ။ အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဓာတ်ရောင်ခြည်သင့်အနေအထားမျိုးဖြစ်လာလိမ့်မည်မဟုတ်ပါဟု ပါဝင်သည်။

IAEA ၏ ညွှန်ကြားရေးမှူးချုပ် မာရီယာနိုဂရော်စီ ရေ တစ်လီတာလျှင် Tritium ပမာဏ ၁၅၀၀ Becquerels မျှသာ အများဆုံးပျော်ဝင်နိုင်သည်ထိ ရေရောပေးလိုက်ဦးမည်ဖြစ်သည်။ ၎င်းပမာဏက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသည့် သန့်ရှင်းသောသောက်သုံးရေ အဆင့်အတန်းပြည့်မီသည့်အနေအထားဖြစ်ပါသည်။ စွန့်ထုတ်လိုက်သည့် Tritium ပျော်ဝင်ရေဆိုးများမှာ အကြိမ်ကြိမ်ရေရော အားပျော့စေပြီးမှ ပင်လယ်ထဲရောက်လာမည်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည်မဟုတ်ကြောင်း အာမခံထားကြသည်။

ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖို၏ ရေဆိုးစွန့်ထုတ်မှုအစီအစဉ်ကို ယခင်က ကန့်ကွက်ခဲ့ဖူးသည့် တောင်ကိုရီးယားအစိုးရက ကန့်ကွက်မှုများ ပြန်လည်ဖြေလျှော့လိုက်သည်ကို တွေ့ရသည်။ နယူးဇီလန်အစိုးရကလည်း IAEA ၏ အကောင်းမြင်ထုတ်ပြန်ချက်ကိုထောက်ခံကြောင်း ပြောဆိုထားခြင်းရှိသည်။ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် အဖွဲ့အစည်းအသီးသီးကမူ ဆက်လက်ကန့်ကွက်နေကြဆဲဖြစ်သည်။

တရုတ်အကောက်ခွန်ဌာနက ဖူကူရှီးမားအပါအဝင် ဂျပန်နိုင်ငံ၏ပြည်နယ် ၁၀ ခုမှအစားအသောက်များကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်။ တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူကလည်း ဂျပန်အရာရှိများအနေဖြင့် ဖူကူရှီးမားအနီးဝန်းကျင်ကရေကို သောက်ပြပြီး ရေကူးခပ်ပြခြင်းဖြင့် အန္တရာယ်ကင်းရှင်းမှုကို သက်သေပြသင့်ကြောင်း ပြောခဲ့သည်။ တရုတ်အစိုးရရုံးစိုက်ရာ ပေကျင်းမြို့မှလည်း အဖွဲ့ဝင် ၂၇ ဦးပါဝင်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်းကို အစည်းအဝေးခေါ်ယူပြီး ဖူကူရှီးမား ရေဆိုးစွန့်ထုတ်မှုအစီအစဉ်ကို ကန့်ကွက်နိုင်ရန် ဆောင်ရွက်ခဲ့သည်။

ဟောင်ကောင်သည်လည်း ဖူကူရှီးမားပြည်နယ်အပါအဝင် ဂျပန်နိုင်ငံ၏ပြည်နယ် ကိုးခုမှ ပင်လယ်စာများတင်သွင်းခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ရုရှားနိုင်ငံ စားသုံးသူကာကွယ်ရေးအေဂျင်စီကလည်း ဂျပန်နိုင်ငံမှတင်သွင်းသည့်ရေထွက်ပစ္စည်းများကို စောင့်ကြည့်သွားမည်ဟုဆိုလာသည်။ ဟောင်ကောင်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်စောင့်ရှောက်ရေးဌာန အတွင်းဝန်ကလည်း ဟောင်ကောင်မှပညာရှင်များ၏ စစ်ဆေးချက်များအရ ဖူကူရှီးမားပြည်နယ်ပတ်ဝန်းကျင်မှရေထုမှာ အန္တရာယ်ပေးနိုင်သည့်အလားအလာရှိကြောင်း တွေ့ရှိခဲ့ရသဖြင့် ဒေသခံများအတွက်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားအစိုးရက သွေးအေးသွားသော်လည်း နိုင်ငံသားအများစုမှာမူ စိုးရိမ်နေကြဆဲဖြစ်သည်။ အကြောက်လွန်ပြီး ပင်လယ်ထွက် အိမ်သုံးဆားများကိုပင် Panicbuying အဖြစ် ဝယ်ယူနေကြသည်။ စစ်တမ်းတစ်ခုတွင် ဖြေဆိုသူ တောင်ကိုရီးယားနိုင်ငံသားများ၏ ၇၈ ရာခိုင်နှုန်းမှာ နျူကလီးယားစွန့်ထုတ်ရေဆိုးများကြောင့် ပင်လယ်ပျော်ရေသတ္တဝါများ၏ အသက်ရှင်သန်မှုထိခိုက်သွားမည်ကို စိုးရိမ်ကြသည်။

ဂျပန်နိုင်ငံနှင့်နီးစပ်သည့် ပစိဖိတ်ကျွန်းနိုင်ငံများကလည်း ဖူကူရှီးမားအစီအစဉ်ကိုစိုးရိမ်နေကြပြီး IAEA ၏ အစီရင်ခံစာကို ပြန်လည်သုံးသပ်နေကြသည်။ ပြည်ပနိုင်ငံများက ကန့်ကွက်မှုများသာမက ဂျပန်နိုင်ငံ၏ ပြည်တွင်းမှာပင် ဖူကူရှီးမားရေဆိုးစွန့်ထုတ်အစီအစဉ်ကို ကန့်ကွက်နေကြသူများရှိသည်။ ရေဆိုးစွန့်ထုတ်မှုအစီအစဉ်စတင်မည့် ၂၀၂၃ ခုနှစ် ဩဂုတ်လနီးလာလေလေ ကန့်ကွက်သံများပိုဆူညံလာလေလေဖြစ်သည်။

ဖူကူရှီးမားဒေသခံ ငါးဖမ်းကုမ္ပဏီများအနေဖြင့်လည်း ဖောက်သည်များ၏ ယုံကြည်မှုပျက်ယွင်းမှာကို စိုးရိမ်နေကြရသည်။ နျူကလီးယားရေဆိုးများ စွန့်ထုတ်မှုသည် နှစ်တိုစီမံချက်မဟုတ်ဘဲ ဆယ်စုနှစ်ချီကြာမြင့်မည်ဖြစ်သည့်အတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းမှာ ခြိမ်းခြောက်ခံနေရသည်။

အနှစ်ချုပ်အားဖြင့်ဆိုရသော် စက်မှုနိုင်ငံကြီးများအသည်းအသန်ရှာဖွေနေကြရသည့် "စွမ်းအင်" ရရှိနိုင်ရန်နည်းလမ်းတစ်ခုမှာ နျူကလီးယားဓာတ်ပေါင်းဖိုကြီးများ တည်ဆောက်ခြင်းဖြစ်သည်။ နျူကလီးယားစွမ်းအင်ရရှိလာခြင်းဖြင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာပြီး နိုင်ငံနှင့်ဒေသခံနိုင်ငံသားများအတွက် အကျိုးကျေးဇူးများစွာရစေသည်။ တစ်ဖက်တွင်လည်း ဘေးဆိုး၊ ကပ်ဆိုး၊ ရာသီဥတုဆိုးများ၏အန္တရာယ်ကြောင့် တစ်စုံတစ်ရာချို့ယွင်းမှုဖြစ်ပွားသည့်အခါ နျူကလီးယားယိုစိမ့်မှုများ ဖြစ်ပေါ်လာပြီး ဒေသခံများ ဘေးလွတ်ရာထွက်ပြေးကြရသည့် ဖြစ်စဉ်များလည်း ရှိနေပါသည်။ နျူကလီးယားဓာတ်ပေါင်းဖိုကြီးများ ဖျက်သိမ်းသည့်အခါ ကြွင်းကျန်နေသည့် ရေဒီယိုသတ္တိကြွရေဆိုးများကိုစွန့်ပစ်ရန် အခက်အခဲနှင့် ရင်ဆိုင်ကြရပြန်သည်။ လက်ရှိ ဂျပန်နိုင်ငံအနေဖြင့် ဖူကူရှီးမား နျူကလီးယားရေဆိုးများကို ပင်လယ်ထဲသွန်ချရန်အစီအစဉ်မှာ IAEA အဖွဲ့က ထောက်ခံမှုပေးနေပါလျက်နှင့် ကန့်ကွက်မှုအများအပြားရင်ဆိုင်နေရသည်။ ဖူကူရှီးမားနျူကလီးယားရေဆိုးစွန့်ထုတ်ဖြစ်စဉ်သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်တွဲပါလာသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၏ အထင်ရှားဆုံး နမူနာတစ်ခုဟုပင် ဆိုရပါတော့မည်။

**ကိုးကား**

- **Fukushima water discharge approved by Justin McCurry from Lancet July 2023**

# ကမ္ဘာ့အထင်ကရ မာရဝိဇယမြတ်ဗုဒ္ဓ



မည်သည့်အကြောင်းအရာကိုမဆို ကိုယ်တိုင်တွေ့မြင်ကြည့်ရှုလေ့လာမှသာ အမှားနှင့် အမှန်၊ အဆိုးနှင့်အကောင်းတို့ကို ထင်ထင်ရှားရှားမြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလွန်တရာထူးခြားဆန်းကြယ်အံ့သြဖွယ်ကောင်းလှသည့် ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ ပေါ်ထွန်းလာနေသည်ကို ပြည်သူလူထုတစ်ရပ်လုံးကြားသိပြီးဖြစ်သည်။ ထိုရုပ်ပွားတော်မြတ်ကြီး၏ဘွဲ့အမည်မှာ "မာရဝိဇယ" ဖြစ်ပြီး ထိုအမည်နာမသည် "မာရ်နတ်မင်း၏ အနှောင့်အယှက် ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသော မြတ်စွာဘုရား"ဟု အဓိပ္ပာယ်ဖော်ဆောင်ပါကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို "မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်" စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်ပွားတော်ကြီးအားထုဆစ်ရာတွင် ဘုရားရှင်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် အပါး ၈၀ တို့နှင့်ညီညွတ်စွာ ကြည်ညိုသပ္ပာယ်အောင် ထုဆစ်ပူဇော်ခြင်းဖြစ်သည်။ ဖူးမြော်သူများ ကြည်ညိုစဖွယ်ဖူးမြော်နိုင်ရန် ရုပ်ပွားတော်ကြီး၏ မျက်နှာတော်အနေအထားကို အနည်းငယ် ပြုံးနေတော်မူဟန်ထုဆစ်ထားသည်။ ဦးခေါင်းတော်ကို အရှေ့ ၇ ဒသမ ၅ ဒီဂရီ စောင်းပြီး တည်ထားသည်။ ဆင်းတုတော်ကြီးကို ထုဆစ်ရာတွင် အပိုင်းလိုက်ခွဲကာ CNC စက်များနှင့် အဆင့်ဆင့်ထွင်းထုခဲ့ခြင်းဖြစ်သည်။ ဆင်းတုတော်အပိုင်းများတွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများနှင့် ဆောင်ရွက်ထားသည့်နည်းတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပ ပညာရှင်မပါဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့(ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်း ပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များကို ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပခဲ့ပြီးဖြစ်သည်။ အခမ်းအနားကျင်းပပုံများကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအများအပြားက ပြည်သူများပင် သိရှိကြပြီးဖြစ်သည်။ ဤမျှကြီးကျယ်ခမ်းနားသည့် မဟာမင်္ဂလာအခမ်းအနားမျိုးကို မြင်တွေ့လိုက်သည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှသံဃာတော်အပါး ၉၀၀ တို့အား သင်္ကန်းအရောင်မှာ တစ်ရောင်တည်းဖြင့် မြင်တွေ့ရသည်မှာလည်း ကြည်ညိုမဆုံးဖွယ်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစတင်ကာ အများပြည်သူလူထုကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာခွင့်ပြုထားသည်။ ထိုရက်မှစတင်၍ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများမှာ နေ့စဉ်နေ့တိုင်းများပြားစွာ လာရောက်ဖူးမြော်လျက်ရှိကြသည်။ ဩဂုတ် ၁၉ ရက်နေ့ဆိုလျှင် ဘုရားဖူးလာပြည်သူပေါင်း တစ်သိန်းကျော်ရှိကြောင်း တရားဝင်သတင်းထုတ်ပြန်ပေးထားသည်။ မြန်မာလူမျိုးတို့၏ဘာသာ၊ သာသနာအပေါ်ယုံကြည်ကိုးကွယ်အလေးထားမှုများမှာလေးစားဖွယ်ဂုဏ်ယူဖွယ်ကောင်းလှသည်။ ဘုရားဖူးလာရောက်ကြသူများမှာ အခမဲ့ဝင်ရောက်ခွင့်ပြုထားခြင်းကြောင့် လာရောက်ခြင်းမဟုတ်သည်ကို ၎င်းတို့၏လှူဒါန်းမှုများက အထင်သားမြင်တွေ့ရသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုသည့် ဘုရားဖူးပြည်သူများက ကြည်ညိုသဒ္ဓါပွားများလျက် စေတနာ ထက်သန်စွာ အလှူငွေများပေးအပ်နေသည့် လူပရိသတ်များမှာ များပြားလှသည်။ ဤအထဲတွင် သိန်းပေါင်းများစွာ လှူဒါန်းမှုပြုသူများလည်း ပါဝင်သည်။

ရန်ကုန်မြို့မှ ဒေါ်သန်းနွဲ့သည် ဩဂုတ် ၁၃ ရက်က မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်သည်။ ဘုရားကြီးအားဖူးမြော်ရင်း အလှူငွေ ၈၆ သိန်းလှူဒါန်းခဲ့သည်။ သူ၏သားလေးအတွက် ရရှိထားသောပင်စင်ကိုစုပြီး လှူဒါန်းခြင်းဖြစ်သည်။ ဒေါ်သန်းနွဲ့၏သားမှာ တပ်မတော်သားအရာရှိတစ်ဦးဖြစ်ပြီး သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိထားသူဖြစ်သည်။ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားခဲ့သော သားအတွက် အလှူပြုခြင်းလည်းဖြစ်သည်။ တကယ်ကို ဂုဏ်ယူဖွယ်လေးစားဖွယ်ဖြစ်သည်။ ဗုဒ္ဓသာသနာကြီးသည့်ထက် အဓွန့်ရှည်ရန် တတ်နိုင်သမျှ ကုသိုလ်ပါဝင်ခြင်းလည်းဖြစ်သည်။

မိတ္ထီလာမြို့မှ လာရောက်ဖူးမြော်သူ ဆရာတော်တစ်ပါးကလည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဦးဆောင်တည်ထားမှု၊ မာရဝိဇယဘုရားကြီးနှင့်ပတ်သက်၍ "အခုကသဘာဝအတိုင်း ကျောက်သား၊ ကျောက်ဆစ်နဲ့ ထုလုပ်ထားတာဆိုတော့ ခိုင်ခံ့မှု၊ လှပမှု၊ သပ္ပာယ်မှုတွေအားလုံးက ဘာမှပြောစရာမလိုဘူး။ သာသနာအတွက်တော့ ဒုတိယသီရိမ္ဗာသောကမင်းလို့ပဲ ဦးဇင်းအနေနဲ့ မှတ်ချက်ပေးချင်ပါတယ်" ဟူ၍မြွက်ကြားခဲ့သည်။ ဘုရားကြီး၏ ခံ့ညားထည်ဝါသည့်အတိုင်းအတာမှာ မည်သည့်အခါမှမတွေ့ဖူးသော မြင်ကွင်းဖြစ်သည်။

စာရေးသူ၏ ဆောင်းပါးအစတွင် "မည်သည့်အကြောင်းအရာကိုမဆို ကိုယ်တိုင်တွေ့မြင်ကြည့်ရှုလေ့လာမှသာအမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်းတို့ကို ထင်ထင်ရှားရှားမြင်တွေ့ရမည်ဖြစ်သည်။"ဟု နိဒါန်းချီထားသည်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်စဉ်ကို တင်ပြလိုခြင်းအတွက် စကားပလ္လင်ခံခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ အခြားမဟုတ်ပါ။ စာရေးသူသည်လည်း အများနည်းတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ပြီးဖြစ်သည်။ နေပြည်တော်တွင်နေထိုင်သော်လည်း ဘုရားကြီးတည်ရှိရာသို့ ကားဖြင့် ၄၅ မိနစ် မောင်းသွားရသည်။ ဘုရားကြီးကို အဝေးကလှမ်းမြင်ရစဉ်ကတည်းကိုက စိတ်ထဲမှာပီတိဖြစ်လာပါသည်။ စနစ်တကျစစ်ဆေးမှုခံယူပြီးနောက် ဘုရားကြီးရှိရာသို့ လမ်းလျှောက်သွားသည်။

ဘုရားကြီးကို လာရောက်မဖူးမြော်ရသေးသူများအတွက် မြင်ကွင်းကိုဖော်ပြရလျှင် အဝင်လမ်း၏ဝဲဘက်အခြမ်းတွင် မုစလိန္ဒကန်တော်နှင့် နဂါးရုံဘုရားရှိသည်။ ထိုကန်တော်နှင့် နဂါးရုံဘုရားကို ပိဋကတ်တော်လာအဆိုအမိန့်များ၊ မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ တည်ထားခြင်းဖြစ်သည်။ ရှေ့ကို ဆက်လျှောက်ပါက သုဓမ္မာဇရပ်များ၊ ရေပန်းကြီး၊ ရေပန်းငယ်လေးများကို တင့်တယ်စွာတွေ့မြင်ရသည်။ ယာဘက်ခြမ်းတွင် ဖွေးဖွေးဖြူနေသည့် ရွှေရောင်တဝင်းဝင်း ကျောက်စာရုံစေတီတော်များ၊ ထိုမှရှေ့သို့ လှမ်းကြည့်လိုက်လျှင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးကိုတွေ့ရသည်။ ရဟန်းသံဃာအပါး ၉၀၀ နှင့် လူပရိသတ်ဦးရေ ၁၂၀၀ ဝင်ဆံ့သည်။ ဘုရားဖူးသွားရာ လမ်းတစ်လျှောက်တွင် မြတ်စွာဘုရားရှင်၏ အရိပ်အာဝါသ အေးမြမှု၊ စကျင်ကျောက်များ၏ အေးမြမှုများကြောင့် ဘုရားဖူးသူများ၏စိတ်နှလုံးကို အေးမြကြည်လင်စေလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်မှာလွန်စွာကျယ်ဝန်းလှသည်။ မြတ်စွာဘုရားအား ဖူးမြော်နေကြသူရဟန်းသံဃာများ၊ သီလရှင်များ၊ ဘုရားဖူးပြည်သူများ၊ ဘာသာရေးဝတ်အသင်းများကို တွေ့မြင်ရသည်။ ဘုရားကြီးရှေ့တော်တွင် ထိုင်ကာ "ဗုဒ္ဓဂုဏော အနန္တော"ဟု ကျော်စောထင်ရှားသုံးပါးရပ်သူ နတ်လူဗြဟ္မာ သတ္တဝါကို ခေမာသာခေါင် နိဗ္ဗာန်သောင်သို့ ရွှေဖောင်မဂ္ဂင် သင်္ဘောယာဉ်ဖြင့် ကယ်တင်ဆောင်ယူ ပို့တော်မူသည် နတ်လူတို့ထိပ်ပန်း ရဟန်းတို့ဆရာ အစိန္တေယျာဟု အနန္တဂုဏ်အင်ကျေးဇူးရှင်ကို အဟံ တပည့်တော်သည် နမာမိရှိသေညွတ်ကျိုးလက်စုံမိုး၍ ရှိခိုးပါ၏"ဟု နှုတ်မှရွတ်ဆိုကာ ဦးသုံးကြိမ်ချကန်တော့လိုက်သည်။ ထို့နောက်ဘုရားကြီးအား ကြည်ညိုသဒ္ဓါဖြစ်လွန်းစွာဖြင့် မျက်စိဖြင့်ကြည့်ကာ ဖူးမြော်နေမိသည်။ ပြုံးတော်မူနေသော မြတ်စွာဘုရား၏ရုပ်သွင်ကို စိတ်တွင်ထင်မြင်လာသည်။

ဩော်. . . မဟာမင်္ဂလာ အခမ်းအနားနေ့က သီတဂူဆရာတော်ကြီး မိန့်ကြားတော်မူခဲ့သည်မှာ အကြောင်းမဲ့မဟုတ်ပါတကား။ သီလ၊ သမာဓိ၊ ပညာဖြင့် ပြည့်စုံကြွယ်ဝသောဆရာတော်ကြီးသည်လည်း လက်တွေ့မျက်မြင်ဖူးတွေ့မြင်၍သာ မိန့်ကြားခြင်းဖြစ်ပေမည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ရှင်းလင်းတင်ပြလျှောက်ထားမှုတွင် ဤရုပ်ပွားတော်မြတ်ကြီးကို ပြုံးတော်မူဟန်ထုဆစ်ထားကြောင်း၊ ဦးခေါင်းတော်ကို အရှေ့ ၇ ဒသမ ၅ ဒီဂရီစောင်းပြီး တည်ထားကြောင်း လျှောက်ထားလိုက်သည်ကို ကြားသိလိုက်ရသည်။ စာရေးသူ ခိုင်ခိုင်မာမာပြောလိုသည်ကတော့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည့်လျှင် ပြုံးတော်မူနေသည့် သဏ္ဌာန်ကို မြင်ရပါလိမ့်မည်။ ထို့ထက်ပို၍ တစ်ခုပြောလိုသည်မှာ ဘုရားကြီး၏ပုံတော်အား ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ ရိုက်သမျှဓာတ်ပုံတိုင်းမှာ ပြင်ပတွင် အမှန်တကယ်ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်၏ မျက်နှာကို မမီခြင်းဖြစ်သည်။ ပြင်ပတွင် ဖူးမြင်ရသည်မှာကြည်ညိုဖွယ်အလွန်ကောင်းပြီး တိမ်ယံကြားမှာ ထူးခြားကြီးမြတ်သပ္ပာယ်လှသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ စာရေးသူပြောသည်ကို လက်တွေ့စမ်းသပ်လိုပါက ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်း လာရောက်ဖူးမြော်ကြည့်ကြပါရန် လေးစားစွာ တိုက်တွန်းရင်း ဤဆောင်းပါးကို နိဂုံးချုပ်ပါသည်။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**







ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မန္တလာတက္ကသိုလ်
၂၀၂၃-၂၀၂၄ ပညာသင်နှစ် BTHM သင်တန်းအတွက်

**ပထမနှစ် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

၁။ မန္တလာတက္ကသိုလ်တွင် အောက်ဖော်ပြပါဘွဲ့သင်တန်းအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်း ကာလ | လက်ခံခွင့်ပြုမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၅၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါ ဘွဲ့သင်တန်းအတွက် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး သတ်မှတ်လျှောက်လွှာပုံစံအား မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင်ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
၃။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ
၄။ လျှောက်လွှာတင်သွင်းရမည့်နေရာ - ကျောင်းသားရေးရာဌာန၊ မန္တလာတက္ကသိုလ်။
၅။ လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် - ၂၅-၈-၂၀၂၃
၆။ လျှောက်လွှာစတင်တင်သွင်းရမည့်ရက် - ၂၅-၈-၂၀၂၃
၇။ လျှောက်လွှာပိတ်ရက် - ၂၅-၉-၂၀၂၃
၈။ ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်ရက် - ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ
၉။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။
(ဂ) အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူမဖြစ်ရ။
၁၀။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(၁) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင်ရရှိသော ရမှတ်စာရင်းမူရင်း
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ (၃)ပုံ (ပူးတွဲ)
၁၁။ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် အမှတ်များသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ဝင်ခွင့်ရရှိသူများစာရင်းနှင့် ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်ကို မန္တလာတက္ကသိုလ်၌ ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ်နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို **မဖြစ်မနေ (မဖြစ်မနေ)** ယူဆောင်လာရမည်။
၁၂။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်းနံပါတ် ၀၉-၉၈၄၇၇၆၆၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မှိုမှိုနွယ်
မော်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန
မန္တလာတက္ကသိုလ်

## အရောင်းစာရေးမအလိုရှိသည်

- ဘွဲ့ကြို / ဘွဲ့ရရှိပြီးသူ / အထက်တန်းအဆင့်အောင်မြင်သူဖြစ်ရမည်။
- အသက် (25)နှစ်အောက်၊ မန္တလေးမြို့တွင်းနေထိုင်သူဖြစ်ရမည်။
- လိပ်စာ/ ဆိုင်အမှတ်(၁)၊ (၄၇၆)၊ လမ်း 80၊ 29×30 ကြား၊ မန္တလေးမြို့။ 02-4035476

**"ဝိန်လီ" ရွှေဆိုင်**

**မွေးသက္ကရာဇ်အမှန်**

မန္တလေးမြို့၊ နှင်းထက်အောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မဇင်လင်းဒွေး (ဘ) ဦးဝင်းလှိုင် ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မွေးစာရင်းအရ ၃၀-၆-၂၀၀၈ ဖြစ်ပါကြောင်း။

**၃၀-၆-၂၀၀၈**

## အမည်ပြောင်း

မန္တလေးမြို့၊ ထွဋ်ခေါင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းထွန်းနိုင်(၉/အမဇ(နိုင်)၀၂၈၀၆၉)၏ သမီးများဖြစ်ကြသော ကျောင်းဝင်အမှတ် (၁၅၉၂)၊ Grade-5 မှ မယဉ်သူဇာထက် အား မယဉ်သူဇာထွန်း ဟုလည်းကောင်း၊ ကျောင်းဝင်အမှတ် (၁၅၈၆)၊ Grade-3 မှ မယဉ်သူဇာအောင် အား မယဉ်သူဇာနိုင် ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မယဉ်သူဇာထွန်း၊ မယဉ်သူဇာနိုင်**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်မြို့နယ်၊အထက (ခွဲ) မြေစိုက်ကျောင်းမှ (ဘ) ဦးထွန်းထွန်း ၏သမီးများဖြစ်ကြသော Grade-4 မှ မသွန်းရတီ အား မသွန်းရွှေရည်ထက် ဟုလည်းကောင်း၊ Grade-3 မှ မတာကူးရွှေရည် အား မတာကူးရွှေစင်လှိုင် ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းရွှေရည်ထက်၊ မတာကူးရွှေစင်လှိုင်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ မနှင်းဖြူဖြူမြင့် (ဘ) ဦးမြင့်အောင် (၉/သပက(နိုင်)၀၄၉၅၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-927808) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၆၃၇၉၉၃၆**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နေ မမြတ်မြတ်ငြိမ်း (ဘ) ဦးမြစိန် (၇/သဝတ(နိုင်)၀၇၈၃၀၉) (Passport No. ME 518221)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၈၀၀၇၀၀၂**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် ည-၁၈၊ ၁၅-ခ၊ ၁၂၂× ၁၂၃ ကြားနေ မမေသူ (ဘ) ဦးမန်းစိန် (၉/ခမစ(နိုင်)၀၅၉၉၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-096844) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၃၆၅၆၆၃၉**

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

❖ ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးကြရန်လိုအပ်...

❖ **Education for All** ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်သွားကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်ပြည်ထောင်စုအစိုးရအဖွဲ့ **စာမျက်နှာ ၁၉ ကော်လံ ၄** ☆

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် လျှောက်ထားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

### သတင်းကြေညာချက်

ရက်စွဲ၊ ၂၀၂၃ခုနှစ် ဩဂုတ်လ ၂၃ ရက်

၁။ ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှင့် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ ရောင်းချပေးမည်ဖြစ်ပါသည်။

**စာမျက်နှာ ၂၀ ကော်လံ ၄** ❑

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၂-၈-၂၀၂၃)

| | | | |
|---|---|---|---|
| ပိုင်ကျုံ | ၃ ဒသမ ၃၀ လက်မ | ပဲခူး | ၂ ဒသမ ၉၁ လက်မ |
| ဇန်းမော် | ၃ ဒသမ ၂၈ လက်မ | ဘုရားသုံးဆူ | ၂ ဒသမ ၇၀ လက်မ |
| ဘားအံ | ၃ ဒသမ ၁၁ လက်မ | ဖျာပုံ | ၂ ဒသမ ၄၀ လက်မ |
| သထုံ | ၃ ဒသမ ၁၁ လက်မ | ကျိုက်မရော | ၂ ဒသမ ၃၆ လက်မ |
| မော်လိုက် | ၂ ဒသမ ၉၁ လက်မ | ဟင်္သာလင်း | ၂ ဒသမ ၂၈ လက်မ |
| ကန့်ဘလူ | ၂ ဒသမ ၉၁ လက်မ | ကလေး | ၂ ဒသမ ၂၈ လက်မ |

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

